ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 26 July 2023 ၁၁၁၆၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးဆိုင်ရာ တိုးတက်ကောင်းမွန်မှု အခြေအနေများ၊ ဥပဒေရေးရာ ကိစ္စရပ်များနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံမှ ဥပဒေပညာရှင်များ ရုရှားနိုင်ငံတွင် ဥပဒေပညာရပ်များ လေ့လာနိုင်မည့်အခြေအနေများ၊ ဥပဒေရေးရာကဏ္ဍနှင့် တရားစီရင်ရေးဆိုင်ရာ ကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**

**ထေရဝါဒဗုဒ္ဓဘာသာဝင်များ ညွတ်တွားပူဇော် ဖူးမြော်ကြည်ညိုကြရမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး**
ဆောင်းပါး စာမျက်နှာ » ၉

**ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန်ငွေစက္ကူ အမျိုးအစားအသစ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် သတင်းမီဒီယာရှင်းလင်းပွဲပြုလုပ်**
စာမျက်နှာ » ၁၀

**ဝိသမလောဘသားနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှု**
ဆောင်းပါး စာမျက်နှာ » ၁၃

ကြေးမုံ

# စိတ်ချယုံကြည် ဖြောင့်မတ်မှန်ကန်မှုဖြင့်သာ

မြန်မာပြည်တွင် ကောလာဟလသတင်းစကားကြောင့် လူမှုဘဝနယ်ပယ်၌ ပုံမှန်အခြေအနေမှ သွေဖည်ကာ လှုပ်လှုပ်ရှားရှားအဖြစ်မျိုး မကြာခဏတွေ့ကြုံဖူးပါသည်။ အမှန်တကယ်ဖြစ်စဉ်တစ်ခုကိုအကြောင်းပြု၍ ကောလာဟလသဘောဆောင်သည့် ချဲ့ကားသတင်းစကားများကြောင့် လူမှုစီးပွားဘဝနယ်ပယ်တွင် ဂယက်ရိုက်ခတ်မှု အနည်းအများအပေါ်မူတည်၍ ရလဒ်များကို ပြည်သူများခံစားကြရသည်။

မြန်မာနိုင်ငံတွင် ပြည်သူများကြား၌ ဖြစ်ပေါ်လာတတ်သည့် သေးသေးမွှားမွှား အကြောင်းကိစ္စများမှအစ ပြည်တွင်း၊ ပြည်ပ နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှု၊ မုန်တိုင်းတိုက်ခတ်မှု စသည့် ကြီးကြီးမားမားအကြောင်းကိစ္စများအထိ ထူးထူးခြားခြား ဖြစ်ပေါ်လာတိုင်း ကောလာဟလသတင်းစကားများ ပြည်သူများကြားတွင် အလျင်အမြန် ပျံ့နှံ့ဖြစ်ပေါ်လာပြီး နောက်ဆက်တွဲအနေဖြင့် ကုန်စည်ဈေးနှုန်းမြင့်မားလာမှုအား ပြည်သူများကြုံတွေ့ကြရသည်ကို သတိမူမိကြဖို့လိုပါသည်။

လွန်ခဲ့သည့် ဇူလိုင် ၂၃ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ "နှစ်သောင်းကျပ်တန်" ငွေစက္ကူအမျိုးအစားသစ်ကို ဇူလိုင်လ ၃၁ ရက်နေ့မှစ၍ ထုတ်ဝေမည်ဟူသော ကြေညာချက်ထွက်ပေါ်လာသည်။ နံနက် ၈ နာရီတွင် ကြေညာချက်ထွက်ပြီး နာရီပိုင်းအတွင်း ကောလာဟလသတင်းစကားများ ထွက်ပေါ်လာသည်။ ထိုနေ့ နေ့လယ်ပိုင်းတွင် ပြည်သူများကြား၌ အဆိုပါငွေစက္ကူများ မကြာမီပေါ်ထွက်လာပြီး နောက်ထပ်တန်ဖိုးမြင့် ငွေစက္ကူများ ထပ်မံထွက်ပေါ်လာမည်၊ ယခင်သုံးနေသည့် ငွေစက္ကူအဟောင်းများ ဖျက်သိမ်းခံရနိုင်သည်၊ မြန်မာငွေတန်ဖိုးကျပြီး ငွေကြေးဖောင်းပွမှုများဖြစ်ပေါ်လာမည်၊ အာဖရိကက ဘယ်နိုင်ငံလိုဖြစ်မည် စသည်ဖြင့် ထင်မြင်ချက် ကောလာဟလသတင်းစကားများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာသည်။

တစ်ဆက်တည်းတွင် ဝေဖန်ချက်အမျိုးမျိုးနှင့် ကုန်ဈေးနှုန်းအခြေအနေများကို ပြည်တွင်း၊ ပြည်ပမီဒီယာများက ထုတ်လွှင့်ဖော်ပြလာကြသည်။ ပြည်ပြေးမီဒီယာများက ပြည်သူများ စိုးရိမ်ပူပန်မှုဖြစ်အောင် လုပ်ကြံသတင်းစကားများ၊ လေ့လာစောင့်ကြည့်သူ ပြောစကားဟုဆိုသည့် ဝေဖန်ချက်များကို တွင်တွင်ဖော်ပြလာကြသည်။ ထိုအချိန်တွင် ရွှေဈေးနှင့် ဒေါ်လာဈေးများ တက်ရိပ်ပြလာသည်။ တစ်ရက်အတွင်း ဒေါ်လာဈေး၊ ရွှေဈေး၊ အိမ်ခြံမြေ၊ မော်တော်ယာဉ်ဈေးနှုန်းများ တက်လာသည်။ ထို့အတူ ကုန်ဈေးနှုန်းများလည်း ဆွဲတင်ခြင်းခံလိုက်ရသည်။ ထိုဖြစ်စဉ်ကို သေချာစွာလေ့လာဆင်ခြင် သုံးသပ်ကြည့်မည်ဆိုပါက အမှန်တရားနှင့်အဖြေကို တွေ့ရှိနိုင်မည်ဖြစ်သည်။

အမှန်တကယ်တွင် ကျပ်နှစ်သောင်းတန်ငွေစက္ကူထုတ်ဝေမှုနှင့် ကုန်ဈေးနှုန်းတက်ခြင်းမှာ တိုက်ရိုက်သက်ဆိုင်ခြင်းမရှိပေ။ ငွေစက္ကူနှစ်သောင်းတန် ထုတ်ဝေမှုသည် ဈေးနှုန်းတက်ခြင်းနှင့် အကြောင်းဆက်စပ်မှုမရှိပေ။ နိုင်ငံရေးအရ အမြတ်ထုတ်လိုသူများနှင့် စီးပွားရေးအရ အမြတ်ထုတ်လိုသူများနှင့်သာ အကြောင်းဆက်စပ်မှုရှိသည်ကို သတိမူကြရမည်ဖြစ်သည်။ ငွေစက္ကူသစ်ထုတ်ဝေခြင်း အကြောင်းရင်းအမှန်ကို သေချာစွာသိရှိရန် လိုအပ်ပါသည်။ ပြည်တွင်း၊ ပြည်ပအစဉ်အလာအရ အထိမ်းအမှတ်အနေဖြင့် ထုတ်ဝေခြင်း၊ အရေအတွက် အကန့်အသတ်ဖြင့်သာ ထုတ်ဝေထားခြင်း၊ ဟောင်းနွမ်းငွေစက္ကူများနှင့် "တန်ဖိုးတူ" လဲလှယ်ပေးခြင်း၊ ကန့်သတ်ချက်ဖြင့် ငွေစက္ကူအဟောင်း/အသစ် လဲလှယ်ပေးခြင်းအတွက်သာ ဖြစ်သည်။

ထို့ကြောင့် ငွေစက္ကူအမျိုးအစားသစ် ကျပ်နှစ်သောင်းတန်ထုတ်ဝေခြင်းသည် ကုန်ဈေးနှုန်းတက်ခြင်း၊ ငွေကြေးဖောင်းပွခြင်းနှင့် သက်ဆိုင်ခြင်းမရှိသည်ကို သတိပြုမိရန်လိုအပ်ပါသည်။ ယင်းကို အကြောင်းပြု၍ နိုင်ငံရေးအရ၊ စီးပွားရေးအရအမြတ်ထုတ်ရန် ကြိုးပမ်းအားထုတ်လျှင်၊ ခိုင်မာသည့်အကြောင်းပြချက်မရှိဘဲ ဈေးနှုန်းတက်အောင်ကစားလျှင် ဥပဒေအရအရေးယူခံရမည်သာဖြစ်သည်။ အစိုးရအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအကျိုးစီးပွားအတွက် ကောင်းမွန်သည့်စေတနာဖြင့် ဆောင်ရွက်ပေးနေသည်ကို သိရှိနားလည်ပြီး မဟုတ်မမှန်သော ပြောစကားများ၊ လုပ်ဆောင်ချက်များကို ရှောင်ရှားကြမည်ဆိုလျှင် တည်ငြိမ်ချောမွေ့သည့် လူမှုစီးပွားဘဝတွင် အားလုံးစိတ်ချလက်ချ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

နိုင်ငံပျက်စီးစေရန်အတွက် အချိန်ကိုက်ဆောင်ရွက်နေမှုများကို သတိပြုမိရန်လိုသည်။ စီးပွားရေးအရ၊ နိုင်ငံရေးအရ အချိန်ကိုက်ဆောင်ရွက်မှုများကို နိုင်ငံတော်အစိုးရအနေဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိသည်။ နိုင်ငံတော်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာဆောင်ရွက်နေသော အစိုးရဖြစ်သည်။ အခြေခံဥပဒေနှင့်အညီ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ အာမခံချက်ပေးထားပြီးဖြစ်သည်။ တရားဝင်အသုံးပြုနေသည့် ငွေကြေးနှင့်စီးပွားရေးတို့ကို အာမခံချက်ပေးထားသည်။ သို့ဖြစ်ရာ ပြည်သူများအနေဖြင့် ကောလာဟလသတင်းစကားများကို မယုံစားဘဲ ငွေကြေးနှင့်ပတ်သက်၍ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ပါကြောင်း၊ ငွေကြေးနှင့် စီးပွားရေးမတည်ငြိမ်အောင် ဆောင်ရွက်မှုများကို သတိမူကြရန် လေးနက်စွာအသိပေးရပါကြောင်းနှင့် ယုံကြည်စိတ်ချ ဖြောင့်မတ်မှန်ကန်မှုဖြင့်သာ လူမှုစီးပွားဘဝများကို ကောင်းမွန်စွာ ဖြတ်သန်းကြရမည်ဖြစ်ပါကြောင်း။ ။

## ဥပဒေဘာသာပြန်ကော်မရှင် အမိန့်အမှတ် ၁/၂၀၂၃ ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေဘာသာပြန်ကော်မရှင်
အမိန့်အမှတ် ၁/၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်က ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အတည်ပြုသည့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Trusts Act ၏ မြန်မာဘာသာ ပြန်ဆိုချက်ကို ယင်းဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ဒေါက်တာသီတာဦး)
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## သံအမတ်ကြီး ဦးတင်ယုအား ဘာရိန်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘာရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## လေးမျက်နှာမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

လေးမျက်နှာ ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို လေးမျက်နှာမြို့နယ် အားကစားကွင်း၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



ထို့နောက် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် အဖွဲ့ဝင်များ၊ လေးမျက်နှာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးသိန်းဆိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၂၆ ဦးတို့က ပူးပေါင်းပါဝင် စိုက်ပျိုးခဲ့ကြကြောင်းသိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၅-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၄၁၅ | ၃,၄၁၁,၀၀၀ |
| MTSH | ၂,၈၀၀ | ၂,၉၀၀ | ၄၈၈ | ၁,၃၈၁,၅၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၁ | ၇,၆၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၂၁,၀၅၀ | ၃၁,၅၇၅,၀၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၁ | ၂,၄၀၀ |
| EFR | ၂,၂၅၀ | ၂,၂၅၀ | ၁၃၃ | ၂၉၉,၂၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |
| MAEX | ၁,၇၀၀ | ၁,၇၅၀ | ၁,၀၄၁ | ၁,၇၈၁,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev တို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် မြန်မာနိုင်ငံ၌ တရားဝင် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား တရားစီရင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးအောင်ဇော်သိန်း၊ ဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးခင်မောင်ကြီးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ Charge d' Affaires a.i./ Counsellor Mr. Pavel Klabukov၊ The Fourth Court of Cassation of General Jurisdiction ဥက္ကဋ္ဌ Mr. Aleksei Shishkin၊ The Fourth Court of Appeal of General Jurisdiction ဥက္ကဋ္ဌ Mr. Magsomed Magomedov နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဒုတိယအကြိမ်ကျင်းပ





နေပြည်တော် ဇူလိုင် ၂၅

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး ဧရိယာ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ဌာနဆိုင်ရာအရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်/ဝန်ထမ်းများက သတ်မှတ်နေရာများတွင် သစ်ပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တာဝန်ရှိသူများသည် တပ်ဖွဲ့ဝင်/ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့အခမ်းအနားတွင် ရတနာတန်းဝင်ကျွန်း၊ ယမနေ၊ မဟော်ဂနီ၊ စိန်ပန်း(နီ)၊ စိန်ပန်း(ပြာ)စသည့် အပင်စုစုပေါင်း ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရုံး၊ ဌာနများတွင်လည်း ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ အရိပ်ရလေကာပင်၊ သီးပင်စားပင်စုစုပေါင်း ၈၈၇၄၁ ပင် စိုက်ပျိုးခဲ့ကြကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယနေ့အထိ စုစုပေါင်း သစ်ပင် ၁၃၁၁၃၁ ပင် တို့ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာရေး၊ မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံက အပြုသဘောဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စများအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## (၃၃)ကြိမ်မြောက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အစည်းအဝေး ကျင်းပ



နေပြည်တော် ဇူလိုင် ၂၅

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၃၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**ပြောကြား**

အစည်းအဝေးတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အထွေထွေအာမခံကုမ္ပဏီများအနေဖြင့် ရခိုင်ပြည်နယ်တွင် မိုခါမုန်တိုင်းဖြစ်ပွားမှုကြောင့် မီးအာမခံနှင့် မော်တော်ကားအာမခံများအတွက် အာမခံလျော်ကြေး ပေးချေမှုများ ဆောင်ရွက်ခဲ့ကြကြောင်း၊ တောင်သူလယ်သမားများအတွက် လိုအပ်သည့် သီးနှံအာမခံထားရှိနိုင်ရေးအတွက် မြန်မာ့အာမခံလုပ်ငန်းက ဆောင်းစပါးသီးနှံအမီ ပေါ်လစီရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံများကြိတ်ခွဲပြီး သယ်ယူသည့်အခါတွင်လည်းကောင်း၊ သိုလှောင်သည့်အခါတွင်လည်းကောင်း လိုအပ်သည့် အာမခံအကာအကွယ်များဖြစ်သည့် မီးအာမခံ၊ သယ်ယူပို့ဆောင်ရေးနှင့်သက်ဆိုင်သည့် အာမခံအကာအကွယ်များကို အာမခံကုမ္ပဏီများမှ ရောင်းချပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် အာမခံအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ယခုအစည်းအဝေးတွင် ဆုံးဖြတ်ရမည့် ကိစ္စရပ်များကိုတင်ပြရာ တက်ရောက်လာကြသည့် အဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုကြသည်။

မြန်မာနိုင်ငံ၏ အာမခံဈေးကွက်တွင် ရာနှုန်းပြည့် နိုင်ငံခြားသားပိုင် အသက်အာမခံကုမ္ပဏီငါးခု၊ ဖက်စပ်အသက်အာမခံကုမ္ပဏီသုံးခု၊ နိုင်ငံသားပိုင် အသက်အာမခံကုမ္ပဏီကိုးခု၊ ဖက်စပ်အထွေထွေအာမခံကုမ္ပဏီသုံးခု၊ နိုင်ငံသားပိုင်အထွေထွေအာမခံကုမ္ပဏီခြောက်ခုနှင့် မြန်မာ့အာမခံလုပ်ငန်းအပါအဝင် အာမခံကုမ္ပဏီ ၂၇ ခုက အာမခံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကအာမခံကုမ္ပဏီများက အာမခံအမျိုးအစား ၄၂ မျိုးကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်းနှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် အာမခံကုမ္ပဏီများက အဆိုပြုတင်ပြလာကြသော အသက်အာမခံနှင့် အထွေထွေအာမခံအမျိုးအစားသစ်များကို ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မော်လမြိုင်မြို့နယ်၌ အတ္ထရံမြစ်အတွင်း ငါးမျိုးစိုက်ထည့်

မော်လမြိုင် ဇူလိုင် ၂၅

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဒေသတွင်း ငါးထုတ်လုပ်မှုတိုးတက်စေရေးနှင့် ငါးသယံဇာတ ပေါများကြွယ်ဝစေရေးတို့အတွက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိနယ်မြေ မျှော်လင့်ဆိပ်ကမ်း၌ ယနေ့နံနက် ၈ နာရီခွဲက ပြုလုပ်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်မြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးလှမင်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ယု၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် ငါးမျိုးစိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ရွှေမြိုင်သီရိရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက အတ္ထရံမြစ်အတွင်းသို့ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ နှစ်သိန်းအား မျိုးစိုက်ထည့် ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ငါးရစ်ငါးသန် ဘေးမဲ့ချန်**
**အစဉ်စားသုံး မျိုးမသုဉ်း**

# အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ ကျင်းပ



ရန်ကုန် ဇူလိုင် ၂၅

အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

## ကြွရောက်တော်မူ

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ဆက်လက်၍ အင္ဂမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များ အနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ ကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

## ဆွေးနွေးဆုံးဖြတ်တော်မူ

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဝိနိစ္ဆယရေးရာကိစ္စ၊ သာသနာရေးရာကိစ္စ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အင္ဂမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်ချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို သာသနဓဇဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တဝိရောစနက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ အင္ဂမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အတည်ပြုချက်ရယူပြီး အင္ဂမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမဓမ္မမိတ်ဆွေများက ဆတ္တိံသတိမ (၃၆) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဇူလိုင် ၂၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ကူးတို့ဆိပ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေကူကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မနန္ဒီကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မော်ကျွန်းကျောင်းတိုက်၊ လှိုင်မြို့နယ်ရှိ ပဏ္ဍိတာရာမ ပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ကျုံစုရွှေရင်အေးကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပါလျှံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရွှေရေးဆောင်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ တန့်ကြည်တောင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဝဲပုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဓမ္မဝိဟာရပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရှေးဟောင်းဝတ္ထုပစ္စည်းများ တာဝန်သိစွာအပ်နှံမှုအပေါ် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

မန္တလေး ဇူလိုင် ၂၅

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာအုပ်စု မြင်သာကျေးရွာနေ ဦးဗိုလ်နိုင်ဝင်းက ငှင်းစုဆောင်းထားသည့် ကျောက်လက်နက်၊ ကျောက်ကွင်း၊ ကျောက်မို၊ ကျောက်ပုတီးစေ့၊ ကြေးလက်နက်၊ ကြေးအလေး၊ သံလက်နက်၊ ငွေပြား၊ ငွေဒင်္ဂါး၊ မြေပုတီး၊ မြေနားတောင်၊ မြေဆေးတံ၊ ဖန်ပုတီးစေ့၊ အရိုးပုတီးစေ့ စသည့် ရှေးဟောင်းဝတ္ထုပစ္စည်းပေါင်း ၃၂၄ ခုကို အပ်နှံခဲ့သည့်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးရုံးခွဲမှ ယမန်နေ့နံနက် ၁၀ နာရီတွင် အဆိုပါရုံးခွဲ၌ ဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပခဲ့သည်။

## တက်ရောက်

အဆိုပါအခမ်းအနားသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်နှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးဇော်လင်းဦးနှင့် အလှူရှင် ဦးဗိုလ်နိုင်ဝင်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးရုံးခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ပစ္စည်းများလှူဒါန်းသည့် ဦးဗိုလ်နိုင်ဝင်းအား ဂုဏ်ပြုဆုငွေကျပ် ၃၆၀၃၄၆၆ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် အလှူရှင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

## ချီးမြှင့်ပေးလျက်ရှိ



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရွှေထည်နှင့် အခြား ရှေးဟောင်းဝတ္ထုပစ္စည်းများကို နိုင်ငံတော်ပိုင်ပစ္စည်းအဖြစ် တာဝန်သိစိတ်ဖြင့် အပ်နှံပါက လွှဲပြောင်းပေးအပ်သူကို အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်၍ ကာလတန်ဖိုးအပြင် ထပ်ဆောင်းတန်ဖိုးငွေပါ တွက်ချက်ပြီး ချီးမြှင့်ငွေပေးအပ်လျက်ရှိသည်။ ထပ်ဆောင်းတန်ဖိုး သတ်မှတ်ရာတွင် ရှေးဟောင်းဝတ္ထုပစ္စည်း၏ နောက်ခံသမိုင်းကြောင်း အခြေအနေ၊ ပြုလုပ်သည့်ပစ္စည်းအမျိုးအစား၊ အနုလက်ရာမြောက်မှု အဆင့်အတန်း၊ သက်တမ်းနှင့် ကာလတန်ဖိုးတို့အပေါ် မူတည်၍ စစ်ဆေးရေးအဖွဲ့က သတ်မှတ်ပေးအပ်လျက်ရှိပြီး ကျောက်ခေတ်မှစ၍ ကိုလိုနီခေတ်ကာလအထိ ခေတ်ခွဲခြား၍ ခေတ်ကာလကြေးကို ၅၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ လက်ရာကြေးကို ၃၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိလည်းကောင်း ကာလတန်ဖိုးအပေါ် ထပ်ဆောင်း ချီးမြှင့်ပေးလျက်ရှိကြောင်း သိရသည်။

ဇာနည်ကိုကို (ပြန်/ဆက်)

# ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအား သွားရောက်လေ့လာသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇူလိုင် ၂၅

ကမ္ဘောဒီးယားရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ (၇)ကြိမ်မြောက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကို သွားရောက်လေ့လာသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

## ကြိုဆို

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့အား ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးသန်းထွန်း၊ ဦးအောင်စောဝင်း၊ ဦးမြင့်သိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

လေ့လာရေး ခရီးစဉ်အတွင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင် ဦးစိုးဦးတို့သည် ဇူလိုင် ၂၂ ရက်တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများအား လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည့် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဖနောင်ပင်မြို့နှင့် ကန်ဒယ်ပြည်နယ်တို့ရှိ ကန်ဒယ်ပြည်နယ် ဆရာအတတ်သင်ကျောင်း၊ ဘွန်ရာနီခရိုပါဟာ မူလတန်းကျောင်း၊ ဟွန်ဆန်ဆက်တဘောင်း မူလတန်းကျောင်းတို့၌ ဖွင့်လှစ်ထားသည့် မဲရုံ ပြင်ဆင်နေမှုများကိုလည်းကောင်း၊ ဆိုသီရာရော့စ်အလယ်တန်းကျောင်းနှင့် 8 March မူကြိုကျောင်းတို့၌ မဲရုံဖွင့်လှစ်နေမှုများကိုလည်းကောင်း၊ ကန်ဒယ်ပြည်နယ် ဆရာအတတ်သင်ကျောင်း၊ ဘတ်တုအထက်တန်းကျောင်းနှင့် အက်နိုဝတ်ဖနောင် မူလတန်းကျောင်းတို့၌ မဲပေးနေမှုအခြေအနေများကို လည်းကောင်း သွားရောက်လေ့လာခဲ့သည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပပုံ၊ မဲရုံများဖွင့်လှစ်ထားရှိမှုနှင့် မဲပေးခြင်း၊ မဲရေတွက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကမ္ဘောဒီးယားနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့များနှင့် ထင်ရှားသော နေရာများကို သွားရောက်လေ့လာခဲ့ကြောင်းနှင့် ထိုင်း၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ရုရှားနှင့် တီမောလက်စ်တေ နိုင်ငံတို့မှ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်များမှ လေ့လာရေး အဖွဲ့များလည်း လာရောက် လေ့လာကြကြောင်း သိရသည်။



သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ISA ၏ အာရှနှင့် ပစိဖိတ်ဆိုင်ရာကော်မတီ ဝန်ကြီးအဆင့် ပဉ္စမအကြိမ် အစည်းအဝေး တက်ရောက်

နေပြည်တော် ဇူလိုင် ၂၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် International Solar Alliance (ISA)၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကော်မတီဝန်ကြီးအဆင့် ပဉ္စမအကြိမ် အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့က အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံ အဘူဒါဘီမြို့သို့ ရောက်ရှိကြသည်။



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် International Solar Alliance (ISA) ညွှန်ကြားရေးမှူးချုပ် Dr. Ajay Mathur နှင့် အဖွဲ့ဝင်များကို ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် အဘူဒါဘီမြို့ Sheraton Abu Dhabi Hotel & Resort အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွင်း နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် စီမံထားမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအနေဖြင့် United Nations Framework Convention on Climate Change (UNFCCC) ၏ ဆုံးဖြတ်ချက်နှင့် အညီဖြစ်စေရန် ၂၀၃၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၁၁ ရာခိုင်နှုန်းပါဝင်ရန် နိုင်ငံတော်၏ လျာထားချက်အဖြစ် ကတိပြုထားသည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် (Nationally Determined Contribution –NDC) ကို ဖော်ဆောင်ခဲ့ပါကြောင်း၊ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုရရှိပါက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၁၇ ရာခိုင်နှုန်းသို့ တိုးမြှင့်ရန် ကတိပြုထားကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားစနစ်ကို smart grid အဖြစ် အဆင့်မြှင့်တင်ရန်၊ National Control Center၊ smart metering system တို့ကို အဆင့်မြှင့်တင်ရန် နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုလိုအပ်လျက်ရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုများအတွက် ပေါင်းစပ်ဘဏ္ဍာရေး (Blended Finance) စီမံဆောင်ရွက်မှုများအတွက် အကူအညီပေးစေလိုကြောင်း၊ ဌာနမှဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသူများအတွက် နေရောင်ခြည်စွမ်းအင် အသုံးချနည်းပညာများကို လေ့လာနိုင်ရေး ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ISA ညွှန်ကြားရေးမှူးချုပ်က နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ISA အနေဖြင့် Global Solar Facility ကို အကောင်အထည်ဖော်ရန် ဆောင်ရွက်နေပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စီမံကိန်းဆိုင်ရာ စာချုပ် ချုပ်ဆိုခြင်းနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာ မသေချာမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ Global Solar Facility တွင် ငွေပေးချေမှု အာမခံချက်၊ အာမခံရန်ပုံငွေ၊ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖြစ် အပိုင်းသုံးပိုင်း ပါဝင်မည်ဖြစ်ကြောင်း၊ ယင်းတို့ကို ဖြေရှင်းဆောင်ရွက်နိုင်ပါက နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်လာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် Solar Technology and Applications Research Center(STAR–C) အစီအစဉ်အောက်မှ နည်းပညာဆိုင်ရာ အထောက်အကူပေးနိုင်မည်ဖြစ်ပြီး နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသူများအတွက် နေရောင်ခြည်စွမ်းအင်အသုံးချနည်းပညာများကို လေ့လာနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေး ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ISA ၏ အာရှနှင့် ပစိဖိတ်ဆိုင်ရာကော်မတီဝန်ကြီးအဆင့် ပဉ္စမအကြိမ် အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ISA ၏ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ ရည်မှန်းချက်များ၊ ISA Flagship Initiatives များဖြစ်သည့် Solar Facility ၊ SolarX Grand Challenge နှင့် Solar Technology and Applications Research Center (STAR–C) တို့အောက်မှ လုပ်ငန်းဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို တင်ပြဆွေးနွေးကြပြီး အဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆောင်ရွက်မှုအခြေအနေများနှင့် ကြုံတွေ့ရသော အခက်အခဲများကို ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ISA အဖွဲ့ဝင်နိုင်ငံများ၊ အာရှနှင့် ပစိဖိတ်ဒေသမှ ISA သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများ၊ နောင်အနာဂတ်တွင် အဖွဲ့ဝင်များ ဖြစ်လာမည့် နိုင်ငံများ၊ ISA မိတ်ဖက်အဖွဲ့အစည်းများနှင့် အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို





ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း လှည့်လည်လေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖူးမြော်ကြည်ညို**

မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ကျောက်စာရုံစေတီများကို လှည့်လည်လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ကျောက်စိမ်းရုပ်ပွားတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်က ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုး၍ အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး စေတီတော်အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော်အဆောင်သို့ သွားရောက်ကာ ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ Park Royal Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာပြီး ပြခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ လက်ဝတ်ရတနာများနှင့် သယံဇာတပစ္စည်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြခန်းအတွင်း တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး လက်ဆောင်ပစ္စည်းများပေးအပ်ရာ ပြခန်းတာဝန်ရှိသူများက လက်ခံရယူကြသည်။

သတင်းစဉ်



ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးကြစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

# ရခိုင်ပြည်နယ်သို့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသင်္ဘောများဖြင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိ

**စစ်တွေ ဇူလိုင် ၂၅**

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်ပြီးနောက် မုန်တိုင်းဒဏ်သင့် မြို့နယ်များသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာန ပိုင် ရခိုင်ဌာနခွဲမှ သင်္ဘောများဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး ပစ္စည်းများကို မေ ၂၃ ရက်မှ ဇူလိုင် ၂၅ ရက်ထိ တန်ချိန် ၅၁၁၉ ဒသမ ၀၉ တန်ကို ပို့ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာန ပိုင် ရခိုင်ဌာနခွဲမှ သင်္ဘောများဖြစ်သော

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ကုလားတန် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆) ရေယာဉ်များဖြင့် မုန်တိုင်းသင့်ဒေသများ ဖြစ်ကြသော ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ပလက်ဝ၊ ပေါက်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံမြို့များသို့ စားနပ်ရိက္ခာများ၊ ထောက်ပံ့ရေးကုန်ပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းများအား ပို့ဆောင်ပေးလျက်ရှိသည်။

**ပို့ဆောင်ပေးခဲ့**

အဆိုပါ ကုလားတန်သင်္ဘောများသည် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) လေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးခဲ့ရာတွင် ခေါက်ရေ ၂၂ ခေါက်ဖြစ်ပြီး ယနေ့ထိ ဆန်အိတ် ၆၆၅၆၀၊ နှံကောက်စပါးမျိုးစေ့အိတ် ၄၀၆၄၃ အိတ်၊ အသင့်စားကုန် အမယ်ပေါင်း ၃၂၆၅၇ မယ်၊ ဆောက်လုပ်ရေးပစ္စည်း အမယ်ပေါင်း ၁၈၄၆၀၊ သစ်တန်ချိန် ၂၃၈ တန် စုစုပေါင်း ကုန်တန်ချိန် ၅၁၁၉ ဒသမ ၀၉ တန်အား လေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးခဲ့ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန ရခိုင်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ထူးအောင်ထံမှ သိရသည်။

တင်ထွန်း(ပြန်/ဆက်)

■

* ကျောဖုံးမှ

၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်သည်ဟူသော စွပ်စွဲချက်များကို အကြောင်းပြု၍ မြန်မာနိုင်ငံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် ၂၀၁၈ ခုနှစ်မှ စတင်ဖော်ပြခဲ့သည်။ သို့ရာတွင် ယင်းကဲ့သို့ အကြမ်းဖက်မှုများ၏ ကျူးလွန်သူကို သက်သေပြရန် ခိုင်မာသော သက်သေအထောက်အထားမရှိပါ။ အစီရင်ခံစာတွင်မူ အစိုးရဆန့်ကျင်သည့်သတင်းရင်းမြစ်များမှ အခြေအမြစ်မရှိသောစွပ်စွဲချက်များ ထည့်သွင်းထားပြီး စွပ်စွဲထားသည့်ဖြစ်စဉ်များကို စိစစ်နိုင်ရန်အတွက် ဖြစ်စဉ်ဖြစ်ပွားသည့် နေရာ၊ နေ့ရက်၊ အချိန် သို့မဟုတ် သင့်လျော်သည့်အချက်အလက်များမပါဝင်ကြောင်း တွေ့ရှိရသည်။ တစ်ဖက်တွင်လည်း ယခုနှစ်အစီရင်ခံစာ၌ ကော့ဘဇားရှိစခန်းများတွင် ဖြစ်ပွားခဲ့သည့် လိင်အကြမ်းဖက်မှုများနှင့် ယင်းအမှုများကို ထိခိုက်နစ်နာစေသည့် နည်းလမ်းများဖြင့် ဖြေရှင်းလေ့ရှိသည့် စခန်းခေါင်းဆောင်များထံ ညွှန်းပို့လေ့ရှိကြောင်း ဖော်ပြပါရှိသည်။ စိတ်မကောင်းဖွယ်ပင် ယင်းကဲ့သို့ ဖြစ်စဉ်များသည် ပျံ့နှံ့ဖြစ်ပွားလျက်ရှိပြီး စစ်တွေရှိ နေရပ်စွန့်ခွာစခန်းတစ်ခုမှ စခန်းခေါင်းဆောင်တစ်ဦးက အမျိုးသမီး ၄၀ ကျော်ကို အဓမ္မပြုကျင့်ကြောင်း တိုင်ကြားသူ ၆ ဦးက ယခုနှစ် အစောပိုင်းတွင် အမှုဖွင့်တိုင်ကြားထားပြီး ယင်းအမှုများသည် ၂၀၁၂ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အကြားတွင် ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အစီရင်ခံစာတွင် တိုင်ကြားမှုများလက်ခံရရှိခြင်းမရှိကြောင်း ဝန်ခံထားသော်လည်း မှန်းဆချက်များကိုအခြေခံ၍ "သတင်းပို့မှုလျော့နည်းခြင်းဖြစ်သည်" ကောက်ချက်ချထားသည်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ကျူးလွန်သည့် လိင်အကြမ်းဖက်မှုဖြစ်စဉ်များ ပျံ့နှံ့နေသည့်တိုင် ယင်းကဲ့သို့ အချက်အလက်များကို ထည့်သွင်းဖော်ပြရန် ပျက်ကွက်ခြင်းကြောင့် အစီရင်ခံစာကို ပို၍ပင် မမျှတဖြစ်စေသည်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ၄ ဦးသည် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ပဲကတိုးရွာ၌ မိန်းကလေးငယ် ၄ ဦး အပါအဝင် စုစုပေါင်း လူ ၇ ဦးကို အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့သည်ဟု သိရှိရသည်။

အစီရင်ခံစာတွင် ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် အစိုးရ၏များပြားသော ဆောင်ရွက်ချက်များကို ထိမ်ချန်ထားခြင်းဖြင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေသည်။ မြန်မာနိုင်ငံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းမှပယ်ဖျက်ရေးအတွက် ပဋိပက္ခနှင့်စပ်လျဉ်းသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique)ကို မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ၇-၁၂-၂၀၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ၂၆-၃-၂၀၁၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဆိုပါအမျိုးသားအဆင့်ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၃၁-၃-၂၀၂၁ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ၂၀၂၁ ခုနှစ် ဇွန်လတွင် အတည်ပြုချမှတ်ခဲ့ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်၏ သဘောထားမှတ်ချက်များကိုလည်း သင့်လျော်သကဲ့သို့ ထည့်သွင်းရေးဆွဲထားသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်နှင့် ၎င်း၏အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အထူးကိုယ်စားလှယ်ထံသို့ သင့်လျော်ကောင်းမွန်စွာ မျှဝေအသိပေးလျက်ရှိသည်။ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ၁၀-၁၁-၂၀၂၃ ရက်အထိ တစ်နှစ်သက်တမ်းတိုး ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အသိုက်အဝန်းသည် ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအရ မည်သည့်ပုံစံဖြင့်မဆို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ဆန့်ကျင်သော အသိုက်အဝန်းဖြစ်သည်။ တပ်မတော်သားများသည် စည်းမျဉ်း၊ ကျင့်ဝတ်များကို အတိအကျလိုက်နာရန် လိုအပ်ကြောင်း အများက ကောင်းစွာသိရှိကြသည်။ ပြစ်မှုကျူးလွန်သူများကို လုံးဝခွင့်မလွှတ်ရေးမူနှင့်အညီ အမြင့်ဆုံးပြစ်ဒဏ်အထိ အရေးယူအပြစ်ပေးလျက်ရှိသည်။ တွဲဖက်စစ်ရေးချုပ်ရုံးမှ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှု မဖြစ်ပွားစေရေးအတွက် ၂၄-၁၁-၂၀၂၁ ရက်တွင် စာအမှတ်၊ ၁/၈၅/၇၂၇/ရေး ၃(ဂ)ဖြင့် ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါညွှန်ကြားချက်များကို တပ်မတော်လက်နက်ကိုင်တပ်ဖွဲ့များရှိ ရာထူးအဆင့်အားလုံးသို့ အသိပေးထားပြီး လိုက်နာမှုနှင့်ပတ်သက်၍ တင်းကျပ်စွာ စောင့်ကြည့်ဆောင်ရွက်လျက်ရှိသည်။ စစ်ဥပဒေချုပ်ရုံးနှင့် စစ်ဘက်ဆိုင်ရာသင်တန်းကျောင်းများတွင် ဥပဒေအသိပညာပေးရေး သင်တန်းများကို ပို့ချပေးလျက်ရှိပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးရေး အသိပညာပေးရေး အစီအစဉ်များလည်း ပါဝင်သည်။ ၂၀၂၂ ခုနှစ်အတွင်း အဆိုပါသင်တန်းများသို့ တပ်မတော်သား ၄၃၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့သည်။

ထိန်းသိမ်းရေးစခန်းများနှင့်ပတ်သက်သော စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ သို့မဟုတ် မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားနိုင်သည်။ မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အကျဉ်းထောင်များတွင် ပြုမူဆက်ဆံပုံများသည် အကျဉ်းသားများအား ပြုမူဆက်ဆံခြင်းဆိုင်ရာ ကုလသမဂ္ဂ၏ အနိမ့်ဆုံးစံသတ်မှတ်ချက်စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိ-မရှိ စစ်ဆေးရန်အတွက် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် မေလအထိ အကျဉ်းထောင် ၄၁ ခုသို့ ကွင်းဆင်းသွားရောက်ခဲ့သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံအမျိုးမျိုးနှင့်ပတ်သက်၍ တိုင်ကြားနိုင်ရန်အတွက် ၂၀၁၆ ခုနှစ်မှ စတင်သတ်မှတ်ထားသည့် Helpline ဖုန်းနံပါတ်အပြင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစ၍ Viber နှင့် Facebook စာမျက်နှာများကို တိုးချဲ့သတ်မှတ်ထားခဲ့သည်။ ၂၀၁၇ ခုနှစ်မှစ၍ လိင်ပိုင်းအကြမ်းဖက်ခံရသူများအား တစ်နေရာတည်းတွင် အကူအညီပေးနိုင်ရန်စင်တာ (One Stop Women Support Center – OSWSC) ၅ ခုကို ဖွင့်လှစ်ခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၂ ခုတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ယင်းစင်တာများတွင် ကျား-မအခြေပြု အကြမ်းဖက်မှုခံခဲ့ရသူများအတွက် ခိုလှုံရာနေရာ၊ ဥပဒေပိုင်းအကူအညီပေးမှုနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့များအပါအဝင် လိုအပ်သောပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ ၂၀၂၂ ခုနှစ် မတ်လမှစ၍ ကျန်းမာရေးဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ် ၄ ခုရှိ အထွေထွေဆေးရုံကြီး ၇ ခုတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်စင်တာ (One Stop Crisis Centers – OSCC) ၇ ခုကို ဖွင့်လှစ်ခဲ့သည်။

အစီရင်ခံစာနှင့်ပတ်သက်သည့် တံခါးဖွင့်အစည်းအဝေးတွင် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားရင်ဆိုင်နေရသူ ကျော်မိုးထွန်း တက်ရောက်၍ မြန်မာနိုင်ငံအပေါ် အထင်အမြင်မှားစေမည့် မိန့်ခွန်း ပြောကြားခဲ့ကြောင်း သိရှိရသည်။ ယင်းသို့အစည်းအဝေးတွင် ပါဝင်တက်ရောက်မှုနှင့် နိုင်ငံကို ကိုယ်စားမပြုသည့် မိန့်ခွန်းပြောကြားခဲ့မှုတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကုလသမဂ္ဂရုံးများသို့ ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် အစည်းအဝေးတွင် နိုင်ငံအချို့က မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တရားလက်လွတ်နှင့် တစ်ဖက်သတ်ပြောဆိုချက်များကိုလည်း ကန့်ကွက်ပယ်ချသည်။

ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်၍ သိသာထင်ရှားသော ဖြစ်စဉ်များမရှိဘဲ နှစ်စဉ်အစီရင်ခံစာ၏နောက်ဆက်တွဲတွင် မြန်မာနိုင်ငံအား ဆက်လက်ထားရှိခြင်းသည် နိုင်ငံရေးသွတ်သွင်းမှုသက်သက်ဖြစ်ပြီး မြန်မာနိုင်ငံအပေါ် ရွေးချယ်ပစ်မှတ်ထားခြင်းဖြစ်သည်။ အစီရင်ခံစာတွင် ဖော်ပြထားသော အကြောင်းအရာများ ခိုင်လုံမှုမရှိခြင်းနှင့် မမျှတခြင်းတို့က ယင်းအစီရင်ခံစာသည် မြန်မာနိုင်ငံအား နိုင်ငံရေးအခြေခံဖြင့် သိက္ခာချရန် ကြိုးပမ်းမှုမျှသာဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။ အစီရင်ခံစာတွင်ပါဝင်သော စွပ်စွဲချက်များသည် သက်သေအထောက်အထား ခိုင်လုံမှုမရှိခြင်း၊ ကျူးလွန်သူများကို အမြင့်ဆုံးပြစ်ဒဏ်များချမှတ်ခဲ့ခြင်းနှင့် ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို တားဆီးကာကွယ်ရန်အတွက် ပြည်တွင်းယန္တရားများ ချမှတ်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံကို အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် ထည့်သွင်းထားခြင်းမှ ပယ်ဖျက်သင့်ကြောင်း မြန်မာနိုင်ငံက ခိုင်မာစွာ ယုံကြည်သည်။

**ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ**
**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်**

# ဂြိုဟ်တုနည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ

**နေပြည်တော် ဇူလိုင် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Borderless Broadcast Co., Ltd နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် China Rocket Co., Ltd မှ တာဝန်ရှိသူများက ဂြိုဟ်တုနည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ Borderless Broadcast Co., Ltd နှင့် China Rocket Co., Ltd တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံမှ နည်းပညာမြင့်ကုမ္ပဏီတစ်ခုဖြစ်သော China Rocket Co., Ltd ၏ ဂြိုဟ်တုနည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို ယခုကဲ့သို့ လာရောက် ရှင်းလင်းပြသသည့်အတွက်



ကျေးဇူးတင်ရှိပါကြောင်းနှင့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ထိရောက်မှုရှိအောင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် China Rocket Co., Ltd ဥက္ကဋ္ဌ Mr. ZHANG DONG နှင့် တာဝန်ရှိသူများက China Rocket ကုမ္ပဏီသည် ၁၉၉၈ ခုနှစ် မတ် ၂၇ ရက်တွင် စတင်တည်ထောင်ခဲ့သော တရုတ်နိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ Aerospace Technologies အသုံးချလုပ်ငန်း နယ်ပယ်အတွက် Commercial Space နှင့် International Platform များဖြစ်သည့် အဓိက လုပ်ငန်းကြီးလေးရပ်တွင် ပါဝင်ဆောင်ရွက်နေပြီး ၂၀၁၅ ခုနှစ်က LAOSAT-1 Satellite ကို လွှင့်တင်ပေးခဲ့ကြောင်း၊ လာအိုနိုင်ငံ နယ်စွန်နယ်ဖျားရှိ ကျေးရွာပေါင်း ၃၀ မှ အိမ်ထောင်စု ၃၀၀၀ ကျော်အတွက် Satellite TV စနစ်များ တပ်ဆင်ပေးခဲ့ပြီး "Information gap" ကို Lao Asia-Pacific Satellite ကုမ္ပဏီနှင့် ပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဂြိုဟ်တုနည်းပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် ကုမ္ပဏီမှ ထုတ်လုပ်ထားသော နည်းပညာမြင့် ယာဉ်/ယန္တရားများနှင့် စက်ပစ္စည်းများ အသုံးပြု၍ အရည်အသွေးမြင့် စောင့်ကြည့်ကောင်းကင် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းများကဲ့သို့ အခြားဝန်ဆောင်မှု လုပ်ငန်းများအကြောင်း၊ ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍများစွာတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေမှုများစသည့် နည်းပညာရပ်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းဖြေကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြပြီး သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

China Rocket Co., Ltd သည် China Aerospace ၏ လုပ်ငန်းခွဲဖြစ်ပြီး Lao Asia-Pacific Satellite Co., Ltd နှင့်အတူ မြန်မာနိုင်ငံသားပိုင် Borderless Broadcast Co., Ltd နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် Direct to Home (DTH) စနစ်ဖြင့် ရုပ်သံလုပ်ငန်းများ ထုတ်လွှင့်ရန်နှင့် မြန်မာနိုင်ငံတွင် Satellite TV နှင့် Satellite အသုံးချမှုနယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ထေရဝါဒဗုဒ္ဓဘာသာဝင်များ ညွတ်တွားပူဇော်ဖူးမျှော်ကြည်ညိုကြရမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး

**ဘကြီးကောင်း**

ပြာလဲ့လဲ့မိုးကောင်းကင်နှင့် ဖြူလွလွတိမ်ပန်းချီတို့ကိုနောက်ခံပြု၍ အချိုးတကျ သပ္ပာယ်တော်မူလှသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တီဗွီဖန်သားပြင်မှတစ်ဆင့် ဖူးမြော်ရရုံဖြင့် ပီတိသောမနဿဝဝနှင့်အတူ ကြည်ညိုသဒ္ဓါကုသိုလ်အဖြာဖြာ ပွားများရပါသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ခေတ်အလိုက် တည်ထားဆောက်ရွက်ခဲ့သည့် ရုပ်ပွားတော်များထဲမှ အကောင်းဆုံးဖြစ်သည့် ရတနာပုံခေတ်ဟန် ဘူမိဖဿပုံစံဖြင့် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“မာရဝိဇယ”ဟူသည့် ဘွဲ့အမည်နှင့်အတူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်မှုအချောသပ်လုပ်ငန်းနှင့် ဆေးသင်္ကန်းကပ်ခြင်း၊ ဥဏ္ဏာလုံမွေးရှင်တော်မြတ်ကို တပ်ဆင်ပူဇော်ခြင်း စသည့်လုပ်ငန်းအဝဝကိုလည်း ဩဝါဒဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ ဩဝါဒခံယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

### အောက်တိုဘာလမှစတင်တူးဖော်

မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဘုရားကြီး တည်ထားကိုးကွယ်ရန်အတွက် ၎င်းထံလှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှ ဦးဆောင်၍ ဘုရားတည်ထားရန်အတွက် လွှဲအပ်ခဲ့ကြောင်း၊ အဆိုပါ ကျောက်တော်ကြီးကို တူးဖော်ရရှိရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ်စစ်ဆေးတွက်ချက်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစတင်တူးဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လတွင် အမြင့် ၆၅ ပေ၊ ရှေ့အလျား ၁၅၄ ပေ၊ ဒုပေ ၂၀ ရှိ A အဆင့်ရှိသည့် ကျောက်တော်ကြီးကို အကြမ်းထည်ပုံဖော်နိုင်ခဲ့ကြောင်း၊ ဆင်းတုတော်ထုဆစ်ရန်အတွက် တွက်ချက်ဆောင်ရွက်ရာတွင် အချို့ကျောက်သားနေရာများ၌ လိုအပ်ချက်များရှိခြင်းကြောင့် ကျောက်သားများထပ်မံထည့်သွင်းရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျောက်တုံးတော်ကြီးများကို အခမ်းအနားဖြင့် စတင်ပင့်ဆောင်ခဲ့သည်။ ကျောက်တုံးတော်ကြီးများ ထိခိုက်မှုမရှိစေရေးအတွက် စုစုပေါင်း ကိုးကြိမ် စနစ်တကျပင့်ဆောင်ခဲ့ရာ တန်ချိန်အားဖြင့် ၈၁၅၈ တန်ဖြစ်သည်။ ရေလမ်းခရီးဖြင့် စကျင်ကျောက်တုံးကြီးကို သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျောက်တုံးတော်ကြီးများအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာ သယ်ယူနိုင်ရေးအတွက် ၂၂ မိုင် ၅ ဖာလုံအရှည်လမ်းအား ဆောင်ရွက်ခဲ့ပြီး နေပြည်တော်သို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် စတင်ပင့်ဆောင်ခဲ့သည်။ ကျောက်တုံးကြီးများကို ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ခုနစ်ခေါက် သယ်ယူခဲ့ရပြီး အလေးချိန်အားဖြင့် ၇၆၃၂ တန်ဖြစ်ကြောင်း သိရသည်။



မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီများကို တွေ့ရစဉ်။

### CNC စက်ကြီးများဖြင့် ထုဆစ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံတည်ဆောက်နိုင်ရန်အတွက် ဘိုးပိုင်များရိုက်၍ဆောင်ရွက်ခဲ့သည်။ ပလ္လင်တော်အစိတ်အပိုင်းများ ပင့်ဆောင်နေရာချထားခြင်းနှင့် တွဲဆက်ခြင်းများကို စနစ်တကျဆောင်ရွက်ခဲ့ပြီး ပလ္လင်တော်အစိတ်အပိုင်းများကို ထုဆစ်ရာတွင်လည်း CNC စက်ကြီးများဖြင့် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်းတုတော်ကြီးအား ထုဆစ်ရာတွင်လည်း ကိုးပေအရွယ်ရှိသည့် ကျောက်ဆစ်ရုပ်ပွားတော်ကို နမူနာထုဆစ်၍ ဆောင်ရွက်ခဲ့ပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီးကိုလည်း အပိုင်းလိုက်ခွဲ၍ CNC စက်များဖြင့် အဆင့်ဆင့် ထွင်းထုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများ တွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ အလားတူ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ပြီး ပြည်ပပညာရှင်များ လုံးဝပါရှိခြင်းမရှိကြောင်း သိရသည်။

### စနစ်တကျတွက်ချက်တည်ဆောက်

ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်း တန်ချိန် ၂၀၀၀၀ အထိ ခံနိုင်သော အောက်ခံအမာရရှိရေး၊ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် ရစ်ချ်တာစကေး ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျတွက်ချက်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ဘုရားကြီးတည်ထားကိုးကွယ်ရေးဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနား ထင်ထင်ပေါ်ပေါ်ရှိစေရေးအတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်နှင့်အတူ သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန်အဂ္ဂါမိပတိဝိသုံဂါမသိမ်တော်ကြီး၊ ပိဋကသုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ကျောက်စာတော်အပါအဝင် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များ ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်ထားသော မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးကိုလည်း တည်ဆောက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက်၌ ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ရတနာပလ္လင်တော်ထက်၌ ဒုတိယအကြိမ်ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးမှ (၇) ရက်သားသမီးများ၊ ဘုရားဒါယကာ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခဲ့ကြသည်။

### အကျယ်တဝင့်ရှင်းလင်းပြောကြား

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၂၉ ရက်နေ့ နံနက်က ကျင်းပခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားတွင် တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

ထိုသို့ ရှင်းလင်းပြောကြားရာတွင် “မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှု ဖြစ်စေရန် ဟူသည့် ရည်ရွယ်ချက် (၄) ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့ပါသည်။

ရည်ရွယ်ချက်(၄)ရပ်အနက် “မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်နှင့် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်” ဟူသည့် ရည်ရွယ်ချက်နှစ်ရပ်ကား အဓိပ္ပာယ်လေးနက်ကျယ်ဝန်းလှပါသည်။ မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာ့သမိုင်းကို ခြေခြေမြစ်မြစ် ထဲထဲဝင်ဝင်မလေ့လာ၊ မသိရှိသူများအဖို့မူ နားလည်သဘောပေါက်ရန် ခက်ခဲပေလိမ့်မည်။ တကယ်တော့ မြန်မာနှင့် ထေရဝါဒဗုဒ္ဓသာသနာသည် ခွဲ၍မရပါ။

ဂိုဏ်းကွဲ ဂိုဏ်းဖျားများအချင်းချင်း အပြိုင်အဆိုင် မတိုက်ခိုက်ကြမီကပင် ထေရဝါဒ ပင်စည်ပင်မ ဗုဒ္ဓသာသနာတော်သည် အိန္ဒိယအတွင်း ခုနစ်ဌာန၊ သီဟိုဠ်(ယခု သီရိလင်္ကာ)၊ မြန်မာ နှစ်ဌာနအားဖြင့် စောစီးစွာကြိုတင်၍ နေရာယူထားပြီးဖြစ်၏။ မည်သည့် အရောအနှော အပိုအလိုမရှိ၊ သန့်စင်ကောင်းမွန်စွာ မြင့်မားသောအရှိန်အဟုန်ဖြင့် အခိုင်အမာ တသီးတခြားတပ်စွဲနေနှင့်ကြပြီးဖြစ်လေပြီဟု ပညာရှင်များက သမိုင်းအထောက်အထားများဖြင့် မှတ်တမ်းတင် ဖော်ပြခဲ့ပါသည်။

ရှေးဦး မြန်မာနိုင်ငံသမိုင်းကိုကြည့်လျှင် မြန်မာနိုင်ငံသည် သာသနာတော်ခေတ် စော၍ အရိယာပေါ်များသော ထေရဝါဒနိုင်ငံကြီးတစ်နိုင်ငံဖြစ်ကြောင်း မြေပေါ်မြေအောက်သမိုင်းများက ဖော်ပြလျက်ရှိသည်။ မည်မျှပင် သမိုင်းကွင်းဆက်များ ပျောက်ခဲ့သော်ငြားလည်း မြေပေါ်မြေအောက် ရနိုင်သမျှ အထောက်အထားများဖြင့်ပင် ဘုရားပွင့်တော်မူစကတည်းက ရရှိခဲ့သော ထေရဝါဒနှင့်အတူယှဉ်ကျေးသော လူမျိုးများဖြစ်ကြောင်းကိုကား ယုံမှားစရာမရှိပေ။ **စာမျက်နှာ ၁၀ သို့** ❁

> ဘုရားကြီးတည်ထားကိုးကွယ်ရေးဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနား ထင်ထင်ပေါ်ပေါ်ရှိစေရေးအတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်နှင့်အတူ သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန်အဂ္ဂါမိပတိဝိသုံဂါမသိမ်တော်ကြီး၊ ပိဋကသုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထက်အက္ခရာတင်ရေးထိုးထားသည့် ကျောက်စာတော်အပါအဝင် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များ ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်ထားသော မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးကိုလည်း တည်ဆောက်လျက်ရှိ

# ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန်ငွေစက္ကူအမျိုးအစားအသစ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် သတင်းမီဒီယာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားအသစ်ကို ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်မှစတင်၍ ထုတ်ဝေသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် ရည်ရွယ်ပြုလုပ်သော သတင်းမီဒီယာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ပြုလုပ်သည်။




အခမ်းအနားတွင် နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားအသစ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ်နှစ်သောင်းတန် ငွေစက္ကူအသစ် ထုတ်ရခြင်းနှင့်ပတ်သက်၍ မေးမြန်းရာတွင် **"မာရဝိဇယ"** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အထိမ်းအမှတ်နှင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် မွေးဖွားသန့်စင်သည့် ဆင်ဖြူတော်ရတနာ **"ရဋ္ဌနန္ဒက"** ၏ တစ်နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အနေဖြင့် ထုတ်ဝေမှုအခြေအနေများ၊ နှစ်သောင်းကျပ်တန်ငွေစက္ကူအသစ်များကို လဲလှယ်ထုတ်ပေးခြင်းကြောင့် ငွေကြေးဖောင်းပွမှုကို ဖြစ်စေနိုင်မှု ရှိ/မရှိနှင့်ပတ်သက်၍ မေးမြန်းရာတွင် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်နိုင်စေရန်အတွက် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးမူဝါဒရှိမှု၊ အမျိုးသားပြည်တွင်းထုတ်ကုန် GDP ရည်မှန်းချက်နဲ့အညီ ငွေကြေးစနစ်အတွင်း ထားရှိသင့်သော သီးသန့်ငွေကြေးပမာဏအား တွက်ချက်ပြီး သတ်မှတ်ပမာဏအတွင်းရောက်ရှိစေရန် ဆောင်ရွက်သည့် ငွေကြေးမူဝါဒဘောင်ကို အဓိကထားဆောင်ရွက်လျက်ရှိမှု၊ **နှစ်သောင်းကျပ်တန်ငွေစက္ကူကို အမှတ်တရအနေနှင့် အကန့်အသတ်ဖြင့်သာ ငွေစက္ကူအဟောင်းအား အစားထိုးလဲလှယ်ပေးခြင်းဖြစ်၍ ယခု အထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန်ငွေစက္ကူထုတ်ဝေခြင်း**ကြောင့် ငွေကြေးဖောင်းပွမှု မဖြစ်နိုင်မှုအခြေအနေများ၊ နှစ်သောင်းကျပ်တန် ငွေစက္ကူအား ထုတ်ဝေသွားမည့်နေ့ရက်နှင့် လဲလှယ်နိုင်မည့်နေ့ရက်များနှင့်ပတ်သက်၍ မေးမြန်းရာတွင် ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူများအား အထိမ်းအမှတ်အဖြစ် ဇူလိုင် ၃၁ ရက်တွင် ထုတ်ဝေခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များရှိ ငွေလဲကောင်တာများတွင် ဇူလိုင် ၃၁ ရက်မှစပြီး ရုံးဖွင့်ရက်များတွင် လာရောက်လဲလှယ်နိုင်မှုနှင့် ဟောင်းနွမ်းငွေစက္ကူများ လာရောက်လဲလှယ်လိုသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကိုသာ အမှတ်တရသိမ်းဆည်းထားနိုင်ရန် အများဆုံးသုံးရွက်ခန့်သာ ထည့်သွင်းလဲလှယ်ပေးသွားမည့် အခြေအနေများအား ရှင်းလင်းဖြေကြားခဲ့ပြီး အခြားသောနိုင်ငံများ၌ အထိမ်းအမှတ်အဖြစ် ငွေကြေးထုတ်ဝေခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ အထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန် ငွေစက္ကူ ထုတ်ဝေခြင်းကို အကြောင်းပြု၍ ကုန်စည်ဈေးနှုန်းကစားကာ မဟုတ်မမှန်သောနည်းလမ်းဖြင့် အကျိုးအမြတ်ရယူခြင်းများ (Speculation and Manipulation) ဆောင်ရွက်မှုကို အရေးယူဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ အများပြည်သူမှ ဗဟိုဘဏ် ငွေလဲကောင်တာများသို့ ဟောင်းနွမ်းငွေစက္ကူများ လာရောက်လဲလှယ်ရာတွင် လိုအပ်သည့်အထောက်အထားများနှင့် သတ်မှတ်ချက်များနှင့် ပတ်သက်၍လည်းကောင်း မေးမြန်းကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်က အသေးစိတ်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်သတင်းရယူခဲ့ကြကြောင်းနှင့် မေးမြန်းဖြေကြားမှု အပြည့်အစုံကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❁ စာမျက်နှာ ၉ မှ

ဗိသနိုး၊ သရေခေတ္တရာနှင့် ဟန်လင်း၊ ပျူတို့သည် ပုဂံနေပြည်တော်မရောက်မီ တစ်ပြည်နှင့်တစ်ပြည် မရှေးမနှောင်းတည်ရှိခဲ့ကြသော ရှေးဦးမြန်မာပျူနိုင်ငံတော်ကြီးဖြစ်ကြသည်။ ရာဇဝင်များ၌ ဟန်လင်းအကြောင်း ဖော်ပြခြင်းမရှိသော်လည်း မြေအောက်တူးဖော်လေ့လာမှုအရ ဗုဒ္ဓဘာသာထွန်းကားခဲ့ကြောင်း အထောက်အထားများ တွေ့ရှိကြရ၏။

### ထေရဝါဒသာသနာ ထွန်းကားနေပြီဖြစ်

သရေခေတ္တရာခေတ်တွင်လည်း ထေရဝါဒသာသနာ ထွန်းကားနေပြီဖြစ်ကြောင်းကို ဘောဘောကြီးစေတီစသော လက်ရှိမျက်မြင်သာသနိကအဆောက်အအုံကြီးများ၊ ၁၉၁၁-၁၂၊ ၁၉၂၆-၂၇ ခုနှစ်များက တူးဖော်ရရှိသော ရွှေပေလွှာ၊ ငွေပေလွှာများနှင့် ငွေသားရုပ်ကြွဆင်းတုတော်များကို ကြည့်ခြင်းအားဖြင့် ခန့်မှန်းသိရှိနိုင်သည်။ ရွှေပေလွှာများ၌ ပရိတ်ကြီးများ၊ ပဋိစ္စသမုပ္ပာဒ်၊ ပဋ္ဌာန်းပါဠိတော်များ၊ "ယေဓမ္မာ ဟေတုပ္ပဘဝါ" အဘိဓမ္မာသဘောများကို တွေ့မြင်ခဲ့ရသည်။

ထို့ကြောင့် အနော်ရထာ သာသနာပြုမင်းတရားကြီးလက်ထက် (အေဒီ ၁၀၄၄-၁၀၇၈)တွင် စစ်မှန်သော ထေရဝါဒသာသနာ တည်ထောင်လိုသည်မှာ အကြောင်းမဲ့မဟုတ်၊ ရှေးဘိုးဘေးဘီဘင်တို့လက်ထက်က ဆင်းသက်လာသော ထေရဝါဒသာသနာတော်အကြောင်း ကောင်းစွာကြားသိပြီးဖြစ်သောကြောင့်ဟု ပညာရှင်များက သုံးသပ်ခဲ့ကြသည်။

အထက်မြန်မာပြည်တွင် အနော်ရထာ၊ ဘိုးတော်ဘုရားနှင့် မင်းတုန်းမင်းတို့ကဲ့သို့သော၊ အောက်မြန်မာပြည်တွင် ဓမ္မစေတီ၊ ဘုရင့်နောင်တို့ကဲ့သို့သော တိုင်းပြုပြည်ပြု သာသနာပြုမင်းများပေါ်ပေါက်လာသဖြင့် မြန်မာနှင့် ထေရဝါဒဗုဒ္ဓသာသနာသည် တစ်ကမ္ဘာလုံးက အားကိုးရသောနေရာသို့ ရောက်ရှိခဲ့လေသည်။

### ထေရဝါဒသာသနာအပေါ် ကမ္ဘာကပင် အာရုံစိုက်လာခဲ့

မြန်မာနိုင်ငံ၌ ဗြိတိသျှများ အောက်ပိုင်းတွင် အနှစ် ၁၀၀ ကျော်၊ အထက်ပိုင်း၌ အနှစ် ၆၀ ကြာ အုပ်စိုးသွားသော်လည်း အင်္ဂလိပ်ယဉ်ကျေးမှုဒဏ်ကို အလူးအလဲ မခံရချေ။ ခိုင်မာသော သုဓမ္မာသံဃာ့အဖွဲ့အစည်း သာသနာ့ဦးသျှောင် မထေရ်ကြီးများနှင့် ဘိုးတော်၊ အထူးသဖြင့် မင်းတုန်းမင်းကြီး၏ ကျေးဇူးကြောင့် ဖြစ်သည်။ အထက်မြန်မာနိုင်ငံကို အလွယ်လေးဖြင့် အချိန်မရွေးသိမ်းယူနိုင်သော အခြေအနေတွင် မင်းတုန်းမင်းကြီးသည် နိုင်ငံရေးအားဖြင့်လည်းကောင်း၊ ပဉ္စမသင်္ဂါယနာတင်၍ သုဓမ္မာသံဃ ဦးသျှောင်ဖွဲ့စည်းထားခြင်း၊ လေးပြင်လေးရပ် ဝတ်အသင်းများ ဖွဲ့စည်းပေးခြင်းစသော ဘာသာရေးအားဖြင့်လည်းကောင်း ရပ်တည်မှုခိုင်မာခဲ့ပါသည်။ ပဉ္စမသင်္ဂါယနာမှသည် ဆဋ္ဌသင်္ဂါယနာခေတ်သို့ ရောက်လာသောအခါ မြန်မာနိုင်ငံနှင့် ထေရဝါဒသာသနာအပေါ် ကမ္ဘာကပင် အာရုံစိုက်လာခဲ့ကြလေသည်။

ဗုဒ္ဓပွင့်တော်မူရာ အိန္ဒိယနိုင်ငံကြီးအတွင်း၌မူ အယူဝါဒရေးရာ ရှုပ်ထွေးမှုများ၊ နိုင်ငံရေးရှုပ်ထွေးမှုများနှင့်အတူ နောက်ဆုံး ၁၃ ရာစု၊ ၁၄ ရာစုခေတ်တွင် အတုရော အစစ်ပါ ဗုဒ္ဓဝါဒများအားလုံး အပြီးတိုင် ချုပ်ငြိမ်းကာ သာသနာကွယ်ပခဲ့ရလေသည်။

သီဟိုဠ်ကျွန်း(သီရိလင်္ကာ)ကိုလည်း အင်္ဂလိပ်တို့မသိမ်းပိုက်မီကပင် မြန်မာနိုင်ငံ အမရပူရနေပြည်တော်သို့ သီဟိုဠ်မှ ရဟန်းရှင်လူများအကြိမ်ကြိမ်လာရောက်ကြ၍ သာသနာရေးအကူအညီကို ရယူခဲ့ကြသည်။ အေဒီ-၁၀၇၁ ခုနှစ်တွင် စစ်ဘေးစစ်ဒဏ်ကြောင့် သီဟိုဠ်နိုင်ငံ၌ သာသနာဆက်ပြတ်လုဖြစ်နေ၍ သီဟိုဠ်မင်း၏ မေတ္တာရပ်ခံချက်အရ အနော်ရထာမင်းသည် ပုဂံနေပြည်တော်မှ သာသနာပြုမထေရ်ကြီးများကို စေလွှတ်၍လည်း သာသနာရေးတပ်ကူ ပေးခဲ့ရပါသည်။

### ခေတ်အဆက်ဆက်လက်တွဲခဲ့ကြ

ထေရဝါဒအမာခံများဖြစ်ကြသော မြန်မာနှင့် သီဟိုဠ်နိုင်ငံတို့သည် အနော်ရထာခေတ် မတိုင်မီ နှစ်ပေါင်းထောင်ချီကာလကတည်းက အပြန်အလှန် ကူးလူးယှက်နွယ် ဆက်သွယ်မှုများရှိခဲ့ကြပါသည်။ ဆဋ္ဌသင်္ဂါယနာမှ မျက်မှောက်ခေတ်အထိ မြန်မာနှင့် သီဟိုဠ် (သီရိလင်္ကာ)တို့သည် အထူးသဖြင့် သာသနာရေးကိစ္စမှန်သမျှ အမြဲလက်တွဲ၍ ဆောင်ရွက်ခဲ့ကြသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ "တပည့်ခံသည်၊ ဆရာလုပ်သည်"ဟု သဘောမထား၊ ပင်ရင်းမူလ ထေရဝါဒသာသနာတော် ရှင်သန်ပြန့်ပွားရေး၊ မြတ်စွာဘုရားရှင်၏ တရားတော်များ ထွန်းကား၍ သတ္တဝါအများ ချမ်းသာရေးကိုသာ ဦးတည်၍ ခေတ်အဆက်ဆက်လက်တွဲခဲ့ကြပါသည်။

ယခုအခါ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ၏ ရပ်တည်မှုမှာ လွန်စွာခိုင်မာလှပေသည်။ ကမ္ဘာသို့ သာသနာမျိုးဆက်ဖြန့်ပွားနိုင်ရန် အဆင့်ဆင့်ဘက်စုံ ရပ်တည်နေပေသည်။ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာတော်ရေသောက်မြစ်ကြီးကား ကမ္ဘာသို့ မျိုးဆက်ဖြန့်ပွားပေးရန် အလွန်အင်အားပြည့်စုံသော အခြေအနေ၌ရှိနေပေသည်။ နှစ်ပေါင်းထောင်ချီ၍ လက်ဆင့်ကမ်း သယ်ဆောင်လာကြသော သာသနာစောင့်မထေရ်ကြီး အဆက်ဆက်နှင့် သာသနာဒါယကာမင်းများ၊ ဒါယကာ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ၏ ကျေးဇူးကြောင့်ပင် ဖြစ်သည်။ ခေတ်အဆက်ဆက် ဆရာ၊ ဒကာ လက်တွဲညီညာမှုကြောင့် ဖြစ်ပါသည်။

### သဒ္ဓါတရားထက်သန်စွာ ပေးအပ်လှူဒါန်း

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားတွင်လည်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့်ပုဂ္ဂိုလ်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးဆိုင်ရာပုဂ္ဂိုလ်များ အပါအဝင် အခမ်းအနားသို့ တက်ရောက်လာကြသော စေတနာရှင်၊ အလှူရှင် ၁၀၁ ဦးတို့ကလည်း စုစုပေါင်းငွေကျပ် ၁၆၁၇၇ သန်း (၁၆ ဒသမ ၁၇၇ ဘီလီယံ)ကို သဒ္ဓါတရားထက်သန်စွာ ပေးအပ်လှူဒါန်းခဲ့ကြသည်။

"ဘုန်းကံနည်းသူတို့သည် သာသနာတော်ကို အနည်းငယ်မျှပင် ချီးမြှောက်ခွင့်မရကြကုန်၊ ဘုန်းကံရှိသူတို့သာလျှင် ရနိုင်ကုန်၏။ အဘယ်ကြောင့်ဆိုသော် သာသနာတော်သည် အတုမရှိ ဘုန်းကံကြီးမားတော်မူသော ဘုရားရှင်၏ သာသနာတော်ဖြစ်သောကြောင့်ပင်တည်း" ဟူသည့် ပေါရာဏဂါထာလာအတိုင်း အတုမရှိ ဘုန်းကံကြီးမားတော်မူသော ဘုရားရှင်သာသနာတော်ကို ချီးမြှောက်ခဲ့ကြပါသော ဘုရားဒါယကာ၊ ဒါယိကာမများ၊ ငွေအား၊ လူအားဖြင့် ပါဝင်လှူဒါန်းခဲ့ကြသော စေတနာရှင် အလှူရှင်များအား ဝမ်းမြောက်နုမော်သာဓုခေါ်ဆိုရပါ၏။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရသည့် ကောင်းမှုကံစေတနာတို့ကြောင့် နိုင်ငံတော်ကြီး သာယာဝပြောပါစေ၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါ၏။ ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ လင်းစေသောဝ်။ ။

**ကျမ်းကိုး**

**- ဓမ္မာစရိယ ဦးဌေးလှိုင်၏ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ။**

# နှစ်သောင်းတန်ငွေစက္ကူကို အမှတ်တရအနေနဲ့ အကန့်အသတ်ဖြင့်သာ ငွေစက္ကူအဟောင်းများနေရာမှာ အစားထိုးလဲလှယ်ပေးခြင်းဖြစ်တဲ့အတွက် ငွေစက္ကူထုတ်ဝေခြင်းကြောင့်တော့ ငွေကြေးဖောင်းပွမှုမဖြစ်နိုင်ပါဘူး

(ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်)

၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားအသစ် ထုတ်ဝေခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်အား သွားရောက်တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ရာ ပြည်သူများသိရှိနိုင်ရန် ဖော်ပြလိုက်ရပါသည်-



ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်

**မေး။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ်နှစ်သောင်းတန် ငွေစက္ကူအသစ်ထုတ်ရခြင်းရည်ရွယ်ချက်ကို သိရှိလိုပါတယ်။**

ဖြေ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပမှုကိုပြသဖို့၊ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုရဲ့ ဗဟိုချက်ဖြစ်စေဖို့၊ တိုင်းပြည်နဲ့ ကမ္ဘာကြီး အေးချမ်းသာယာမှုဖြစ်စေရန် ရည်ရွယ်တည်ဆောက်ထားတဲ့ **“မာရဝိဇယ”** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အထိမ်းအမှတ်နဲ့ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်မှာ မွေးဖွားသန့်စင်တဲ့ ဆင်ဖြူတော်ရတနာ **“ရဋ္ဌနန္ဒက”** ရဲ့ တစ်နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အနေနဲ့ ရည်ရွယ်ပြီး ငွေစက္ကူအမျိုးအစားအသစ် ထုတ်ဝေခြင်းဖြစ်ပါတယ်။

**မေး။ ငွေကျပ်နှစ်သောင်းတန် ငွေစက္ကူအသစ်ကို ဘယ်လိုထုတ်ပေးမယ်ဆိုတာကို ဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ ကျွန်တော်တို့က **“မာရဝိဇယ”** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအထိမ်းအမှတ်၊ ဆင်ဖြူတော်ရတနာ **“ရဋ္ဌနန္ဒက”** ရဲ့တစ်နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အနေနဲ့ ရည်ရွယ်ထုတ်ထားခြင်းဖြစ်လို့ အရေအတွက်အကန့်အသတ်နဲ့ထုတ်ဝေသွားမှာဖြစ်ပြီး သတင်းထုတ်ပြန်ချက်မှာ ပါတဲ့အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနဲ့ မန္တလေးဘဏ်ခွဲတွေမှာ ဟောင်းနွမ်းငွေစက္ကူတွေကို လာရောက်လဲလှယ်တဲ့အခါ အမှတ်တရအနေနဲ့ နှစ်သောင်းကျပ်တန် ငွေစက္ကူသုံးရွက်ခန့်ကိုထည့်သွင်းပြီး တန်ဖိုးတူပြန်လည်လဲလှယ်ပေးမှာ ဖြစ်ပါတယ်။

**မေး။ အထိမ်းအမှတ်အဖြစ် ငွေကြေးထုတ်ဝေခြင်းကို အခြားသောနိုင်ငံများမှာ ထုတ်လေ့ရှိသလား။**

ဖြေ။ ဒီလိုအထိမ်းအမှတ်ငွေစက္ကူနဲ့ဒင်္ဂါး (Commemorative Notes and Coins) များကို ကမ္ဘာ့နိုင်ငံအသီးသီးမှာ အထိမ်းအမှတ်ပွဲတွေ၊ အမှတ်တရဖြစ်မယ့်အရာတွေအတွက် အရေအတွက်အကန့်အသတ်နဲ့ ထုတ်ဝေလေ့ရှိကြပါတယ်။ ဥပမာအားဖြင့် ကာတာမှာပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲကျင်းပခဲ့ပါတယ်။ ကမ္ဘာ့ဖလားအထိမ်းအမှတ်အဖြစ် ကာတာရီရိုင်ယယ် ၇၅ တန်ဖိုးရှိတဲ့ ငွေစက္ကူကို ထုတ်ဝေခဲ့ပါတယ်။ ပိုလန်နိုင်ငံရဲ့ သင်္ချာပညာရှင်၊ နက္ခတ္တဗေဒပညာရှင်ဖြစ်သူ Nicolaus Copernicus မွေးဖွားခြင်း နှစ်(၅၅၀)ပြည့်မြောက် အထိမ်းအမှတ်အဖြစ် ဇ်ုတီ ၂၀ တန်ဖိုးရှိတဲ့ ငွေစက္ကူကို ၉-၂-၂၀၂၃ ရက်နေ့မှာ ထုတ်ဝေခဲ့ပါတယ်။ ဒီလိုပဲ ပါကစ္စတန်နိုင်ငံတော်ဘဏ် တည်ထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ်အနေနဲ့ ရူပီး ၇၅ တန်ဖိုးရှိတဲ့ ငွေစက္ကူကို ၁-၇-၂၀၂၃ ရက်မှာ ထုတ်ဝေခဲ့ပါတယ်။ အလားတူ ဖိလစ်ပိုင်နိုင်ငံ ဗဟိုဘဏ်က ၂၀၂၁ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံက ခရစ်ယာန်ဘာသာရောက်ရှိတဲ့ နှစ် (၅၀၀) ပြည့်အထိမ်းအမှတ်အဖြစ် ပီဆို ၅၀၀၀ ကို ထုတ်ဝေခဲ့ပါတယ်။ ထို့အတူ ၂၀၂၀ ပြည့်နှစ်မှာ အင်ဒိုနီးရှားနိုင်ငံက (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အင်ဒိုနီးရှား ရူပီးယား ၇၅၀၀၀ တန်ဖိုးရှိတဲ့ငွေစက္ကူတွေကိုလည်း အမှတ်တရအနေနဲ့ထုတ်ဝေခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**မေး။ ဒီလို ၂၀၀၀၀ ကျပ်တန် ငွေစက္ကူအသစ်များကို လဲလှယ်ထုတ်ပေးခြင်းက ငွေကြေးဖောင်းပွမှုကို ဖြစ်စေပါသလား။**

ဖြေ။ မြန်မာနိုင်ငံမှာ ငွေကြေးဖောင်းပွမှုလျော့နည်းကျဆင်းစေဖို့နဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်နိုင်စေဖို့အတွက် ဆောင်ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးမူဝါဒရှိပါတယ်။ ဒါကတော့ တိုင်းပြည်ရဲ့စီးပွားရေးကို ပိုမိုအထောက်အကူဖြစ်စေဖို့နဲ့ နှစ်စဉ်လျာထားတဲ့ အမျိုးသားပြည်တွင်းထုတ်ကုန် GDP ရည်မှန်းချက်နဲ့အညီ ငွေကြေးစနစ်အတွင်း ထားရှိသင့်တဲ့ သီးသန့်ငွေကြေးပမာဏကို တွက်ချက်ပြီး သတ်မှတ်ပမာဏအတွင်းရောက်ရှိစေဖို့ ဆောင်ရွက်တဲ့ ငွေကြေးမူဝါဒဘောင်ကို အဓိကထား ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးလုပ်ငန်းများကို ပိုမိုအရှိန်မြှင့် ဆောင်ရွက်နိုင်ဖို့အတွက် ဘဏ်အတိုးနှုန်း မြှင့်တင်ခြင်းထက် စီးပွားရေးစနစ်အတွင်း ထားရှိသင့်တဲ့သီးသန့်ငွေကြေးပမာဏကို အတိုး/အလျှော့ ပြုလုပ်နိုင်တဲ့ ဘဏ်များက ဗဟိုဘဏ်မှာထားရှိရမယ့် သီးသန့်ငွေကြေးပမာဏအချိုး (Reserve Requirement Ratio) မြှင့်တင်ခြင်း/ လျှော့ချခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံရဲ့ စီးပွားရေးစနစ်အတွင်းရှိ စုစုပေါင်းငွေကြေးပမာဏကို နှစ်စဉ်စဉ်ဆက်မပြတ်စောင့်ကြည့်စိစစ်လျက်ရှိပြီး ရည်မှန်းချက်ပမာဏအတွင်းသာရှိစေဖို့ ဒီပမာဏကို နုတ်သိမ်းခြင်း၊ ထည့်သွင်းခြင်းတို့ကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတန်အသင့်တင်းကျပ်တဲ့ ငွေကြေးမူဝါဒကို ကျင့်သုံးလျက်ရှိပါတယ်။ အလားတူ ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လည်း ဘဏ်နဲ့ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေကို နီးကပ်စွာ ကြီးကြပ်စစ်ဆေးခြင်း၊ ထိန်းကျောင်းပြုပြင်ခြင်းနဲ့ လိုအပ်တဲ့ ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်နဲ့ ဒစ်ဂျစ်တယ်ငွေပေးချေမှုတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အမျိုးသားငွေပေးချေမှု မဟာဗျူဟာနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် ပြောပြခဲ့တဲ့ ငွေကြေးမူဝါဒနည်းလမ်းတွေ၊ ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်စေဖို့ နည်းလမ်းတွေနဲ့ ငွေပေးချေမှုနဲ့စာရင်းရှင်းလင်းမှု တိုးတက်စေဖို့ ဆောင်ရွက်မှုတွေကြောင့် နိုင်ငံ့စီးပွားရေးစနစ်အတွင်းမှာရှိတဲ့ ဘဏ်တွေမှာ အပ်နှံငွေတွေ တိုးတက်လျက်ရှိသလို စီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ချေးငွေတွေကိုလည်း တိုးတက်ထုတ်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် နိုင်ငံ့စီးပွားရေးစနစ်အတွင်း လည်ပတ်သုံးစွဲငွေ (Currency in Circul)တွေ လျော့နည်းကျဆင်းကြောင်းကိုလည်း တွေ့ရပါတယ်။ Currency in Circul အတိုးမှာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်မှာ ၄၈ ရာခိုင်နှုန်း ရှိခဲ့တဲ့နေရာက ၂၀၂၂ ခုနှစ်မှာ ၂၉ ရာခိုင်နှုန်းကို လျော့ကျခဲ့တယ်။ ၂၀၂၃ မေလမှာ ၁၁ ရာခိုင်နှုန်းကို ကျဆင်းခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် ငွေကျပ်နှစ်သောင်းတန် ငွေစက္ကူကို အမှတ်တရအနေနဲ့ အကန့်အသတ်ဖြင့်သာ ငွေစက္ကူအဟောင်းတွေနေရာမှာ အစားထိုးလဲလှယ်ပေးခြင်းဖြစ်တဲ့အတွက် ယခုလို အထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ဝေခြင်းကြောင့်တော့ ငွေကြေးဖောင်းပွမှုမဖြစ်နိုင်ပါဘူး။ ဒ့ါအပြင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ငွေကြေးဖောင်းပွမှုမဖြစ်စေဖို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စောင့်ကြည့်လျက်ရှိပါတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေဖို့အတွက် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ နေ့စဉ်နိုင်ငံခြားငွေစီးဝင်မှု/စီးထွက်မှုကို နီးကပ်စွာ စောင့်ကြည့်စိစစ်လျက်ရှိပါတယ်။ ဈေးကွက်အတွင်း နိုင်ငံခြားငွေ လိုအပ်ချက်တွေ ရှိလာရင် Financing ပေးခြင်း၊ ရောင်းချပေးခြင်းနဲ့ နိုင်ငံခြားငွေဝယ်ယူထိန်းသိမ်းထားတဲ့ ဘဏ်တွေကို နိုင်ငံခြားငွေလိုအပ်တဲ့ သွင်းကုန်တင်သွင်းသူတွေနဲ့ စီးပွားရေးလုပ်ငန်းများကို ရောင်းချစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒီအခြေအနေမှာ နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျတည်ငြိမ်နေကြောင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဦးစီးဆောင်ရွက်လျက်ရှိတဲ့ ဘဏ်များအကြား Online နိုင်ငံခြားငွေကြေးဈေးကွက်မှာ တည်ငြိမ်နေတာကို တွေ့ရပါတယ်။ Online နိုင်ငံခြားငွေကြေးဈေးကွက် ဖြစ်ပေါ်နေတဲ့ Exchange Rate ကိုကြည့်ရင် တည်ငြိမ်နေတာ တွေ့ရပါတယ်။ လိုအပ်တဲ့နိုင်ငံခြားငွေကြေးဈေးကွက်မှာ သွင်းကုန်တင်သွင်းသူတွေအတွက် လိုအပ်တဲ့ နိုင်ငံခြားငွေဝယ်ယူတဲ့သူတွေကိုလည်း ကျွန်တော်တို့က ဖြည့်ဆည်းပေးနိုင်တယ်။ လိုအပ်တဲ့သွင်းကုန်တွေကိုလည်း သွင်းပေးနိုင်တာ တွေ့ရပါတယ်။

**မေး။ အခု အထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ဝေခြင်းကို အကြောင်းပြုပြီး ကုန်စည်ဈေးနှုန်းကစားပြီး မဟုတ်မမှန်တဲ့ နည်းလမ်းနဲ့ အကျိုးအမြတ်ရယူခြင်းတွေ ဆောင်ရွက်နေတာကို ဘယ်လိုအရေးယူ ဆောင်ရွက်မလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ အခုအထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန်ငွေစက္ကူထုတ်ဝေခြင်းက နိုင်ငံစီးပွားရေးစနစ်အတွင်း လည်ပတ်သုံးစွဲငွေ(Currency in Circulation- CiC) အတွင်းကို ထည့်သွင်းခြင်းမဟုတ်ပါဘူး။ ဟောင်းနွမ်းငွေစက္ကူ လာရောက်လဲလှယ်သူတစ်ဦးလျှင် ဥပမာ- လူတစ်ယောက်က ငွေစက္ကူအဟောင်း ငွေကျပ်သိန်း ၁၀၀ လာရောက်လဲလှယ်သူကို ငွေစက္ကူအသစ် ကျပ်သိန်း ၁၀၀ ပြန်ပေးပါတယ်။ အဲဒီလိုပြန်ပေးတဲ့အခါမှာ အမှတ်တရအဖြစ် ငွေကျပ်နှစ်သောင်းတန် ငွေစက္ကူသုံးရွက်သာ ထည့်သွင်းလဲလှယ်ပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာ ငွေအဟောင်းလဲတဲ့သူက ငွေကျပ်နှစ်သောင်းတန်ငွေစက္ကူအသစ် လိုချင်ပါတယ်လို့ ပြောမှသာထည့်သွင်းလဲပေးမှာဖြစ်ပါတယ်။ တောင်းခံမှု မရှိဘူးဆိုရင် ငွေစက္ကူအဟောင်းကိုသာ ငွေစက္ကူအသစ်နဲ့ လဲလှယ်ပေးမှာဖြစ်ပါတယ်။ ဒီလိုလဲလှယ်ထားတဲ့ ဟောင်းနွမ်းငွေစက္ကူတွေကို ဖျက်ဆီးမယ့် ငွေစက္ကူစာရင်းထဲထည့်ပါတယ်။ အဲဒီလိုထည့်ပြီးတော့ ငွေစက္ကူတွေကို ဖျက်ဆီးပစ်လိုက်ပါတယ်။

ဒါကြောင့် ကျပ်နှစ်သောင်းတန် ငွေစက္ကူတွေ ထုတ်ဝေခြင်းကြောင့် ငွေကြေးပမာဏ တိုးတက်မှု အခြေအနေမရှိပါဘူးလို့ ပြောလိုပါတယ်။ ဒီအခြေအနေမှာ အကြောင်းအမျိုးမျိုးပြပြီး ကုန်စည်ဈေးနှုန်းကို ဆွဲတင်ဖို့လှုံ့ဆော်နေသူတွေ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်စေဖို့ ဆောင်ရွက်နေသူတွေအနေနဲ့ အများပြည်သူအကျိုးအတွက် ဒီလိုမလုပ်သင့်ကြောင်းနဲ့ ပြည်သူအများရဲ့ အကျိုးစီးပွားကို ပျက်စီးရာပျက်စီးကြောင်းဖြစ်အောင် မဆောင်ရွက်သင့်ပါဘူး။ အဲဒီလိုမလုပ်ကြဖို့လည်း ကျွန်တော်တို့က မေတ္တာရပ်ခံပြောကြားလိုပါတယ်။

**မေး။ ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူကို ဇူလိုင် ၃၁ ရက်မှာ ထုတ်ဝေသွားမယ်လို့ သိရပါတယ်။ ဘဏ်မှာ ဘယ်အချိန်ကစတင်ပြီး လာရောက်လဲလို့ရနိုင်မလဲ။ အများပြည်သူလဲလို့ ရအောင် စီမံဆောင်ရွက်ထားတာမျိုးရော ရှိပါသလား။**

ဖြေ။ ဆင်ဖြူတော်ရုပ်ပုံပါတဲ့ နှစ်သောင်းကျပ်တန် ငွေစက္ကူတွေကို အထိမ်းအမှတ်အဖြစ် ဇူလိုင် ၃၁ ရက်မှာ ထုတ်ဝေမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များမှာ ရှိတဲ့ ငွေလဲကောင်တာတွေမှာ ဇူလိုင် ၃၁ ရက်ကစပြီး ရုံးဖွင့်ရက်တွေမှာ လာရောက်လဲလှယ်နိုင်ပါတယ်။ ဒါပေမဲ့ ဟောင်းနွမ်းငွေစက္ကူတွေ လာရောက်လဲလှယ်လိုတဲ့ လူပုဂ္ဂိုလ်တွေကိုသာ အမှတ်တရ သိမ်းဆည်းထားနိုင်ဖို့ အများဆုံးသုံးရွက်ခန့်သာ ထုတ်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ဟောင်းနွမ်းစုတ်ပြဲမဟုတ်ဘဲနဲ့ သာမန်ငွေစက္ကူအသစ်နဲ့ လာရောက်လဲလှယ်မှုကိုတော့ လက်ခံလဲလှယ်ပေးမှာမဟုတ်ပါဘူး။ ဟောင်းနွမ်းငွေစက္ကူကိုသာလျှင် သင့်တင့်တဲ့တန်ဖိုးကို လဲလှယ်ပေးမှာဖြစ်ပါတယ်။

**မေး။ အများပြည်သူက ဗဟိုဘဏ်ငွေလဲကောင်တာတွေကို ဟောင်းနွမ်းငွေစက္ကူတွေ လာရောက်လဲလှယ်တဲ့အခါ လိုအပ်တဲ့အထောက်အထားတွေနဲ့ သတ်မှတ်ချက်တွေရှိရင် ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ပြည်သူတွေအနေနဲ့ ဟောင်းနွမ်းငွေစက္ကူတွေ လာရောက်လဲလှယ်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာဖို့ လိုအပ်မှာဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးကို ဟောင်းနွမ်းငွေစက္ကူ ရွက်ရေ ၅၀၀ အထိ ကောင်တာဖွင့်လှစ်ချိန်အတွင်း လက်ခံလဲလှယ်ပေးသွားမှာဖြစ်ပါတယ်။ ပိုရှင်းလင်းအောင် ပြောရရင်ပြည်သူတွေအတွင်း လည်ပတ်သုံးစွဲနေတဲ့ ဟောင်းနွမ်းငွေစက္ကူအများကြီး ရှိပါတယ်။ အဲဒီ ဟောင်းနွမ်းငွေစက္ကူတွေကို နီးစပ်တဲ့ဘဏ်တွေမှာ ကောင်းမွန်တဲ့ငွေစက္ကူတွေနဲ့ လဲလှယ်နိုင်ပါတယ်။ အဲဒီဟောင်းနွမ်းငွေစက္ကူတွေ လဲလှယ်တဲ့အခါမှာ ကျွန်တော်တို့ဗဟိုဘဏ်ကို လာရောက်လဲလှယ်တဲ့လူတွေကို အထိမ်းအမှတ်အနေနဲ့ ထုတ်ဝေတဲ့ ငွေကျပ်နှစ်သောင်းတန်ငွေစက္ကူကို အကန့်အသတ်အနေနဲ့ အများဆုံး သုံးရွက်လောက်သာ ထည့်သွင်းလဲလှယ်ပေးမှာဖြစ်ပါတယ်။

**မေး။ ဟောင်းနွမ်းငွေစက္ကူတွေကို လဲလှယ်ပေးရာမှာ တန်ဖိုးတူလဲလှယ်ပေးခြင်းနဲ့ ဆောင်ရွက်ပေးမယ်လို့ သိရပါတယ်။ တန်ဖိုးတူလဲလှယ်ပေးခြင်းဆိုတာ ဘယ်လိုလဲဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ တန်ဖိုးတူလဲလှယ်ပေးတယ်ဆိုတာက အများပြည်သူတွေက ကျွန်တော်တို့ဆီ လာရောက်လဲလှယ်တဲ့ ဟောင်းနွမ်းငွေစက္ကူတွေကို ရွက်ရေတန်ဖိုး (အရွက်ရဲ့တန်ဖိုး)အလိုက် လဲလှယ်ပေးခြင်း မဟုတ်ပါဘူး။ လဲလှယ်တဲ့ငွေစက္ကူ စုစုပေါင်းရဲ့ ပမာဏတန်ဖိုးကို သူနဲ့သင့်တော်တဲ့ အခြားသောငွေစက္ကူအမျိုးအစားနဲ့ လဲလှယ်ပေးခြင်းဖြစ်ပါတယ်။

**မေး။ လက်ရှိလည်ပတ်သုံးစွဲနေတဲ့ ငွေစက္ကူတွေနဲ့ ငွေအကြွေတွေကရော တရားဝင်ငွေကြေးအဖြစ် ဆက်ရှိနေဦးမှာလား။**

ဖြေ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဥပဒေပုဒ်မ ၃၆-ဂ မှာ နိုင်ငံတော်သည် တရားဝင်ထုတ်ထားသော ငွေကြေးများကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဟု အတိအလင်းပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိလည်ပတ်သုံးစွဲနေတဲ့ ငွေစက္ကူတွေနဲ့ ငွေအကြွေတွေဟာ တရားဝင်ငွေကြေးအဖြစ် ဆက်လက်တည်ရှိနေမှာဖြစ်ပါတယ်။

**မေး။ ဆရာ့အနေနဲ့ ငွေကျပ်နှစ်သောင်းတန်ထုတ်ဝေခြင်းနဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောချင်တာများရှိရင် ပြောပေးစေချင်ပါတယ်။**

ဖြေ။ ငွေစက္ကူအသစ်ကို ကျွန်တော်တို့က အထိမ်းအမှတ်အနေနဲ့ အကန့်အသတ်ဖြင့်သာ လဲလှယ်ပေးမှာဖြစ်တဲ့အတွက် လူတိုင်းတစ်ယောက်တစ်ရွက်စီတော့ ရနိုင်မှာမဟုတ်ပါဘူး။ ဒီငွေစက္ကူအနေနဲ့က အထိမ်းအမှတ်အနေနဲ့ လဲတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနဲ့ မန္တလေးဘဏ်ခွဲမှာ ဟောင်းနွမ်းငွေစက္ကူတွေနဲ့ လာရောက်ပြီး လဲလှယ်နိုင်ပါတယ်။ ဒါကလည်း ကျွန်တော်ပြောသလို သတ်မှတ်လဲတဲ့ပမာဏနဲ့အညီ လဲပေးမှာမဟုတ်ဘဲ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းကို အများဆုံး သုံးရွက်လောက်သာ ကျွန်တော်တို့က လဲပေးမှာဖြစ်ပါတယ်။ အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။

လင်းကြည်လင်း

# မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပ





နေပြည်တော် ဇူလိုင် ၂၅

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရိုးရာခြင်းလုံး ပညာရှင်ကြီးများနှင့် ခြင်းလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

**တိုးတက်ပြန့်ပွားစေရေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ခြင်းလုံးအားကစားနည်းကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများအထိပါ တိုးတက်ပြန့်ပွားစေရေးအတွက် အခြေခံပညာကျောင်းများတွင် မြန်မာ့ရိုးရာခြင်းလုံး သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် ပြည်တွင်းပြိုင်ပွဲများ ကျင်းပပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရိုးရာခြင်းလုံး အားကစားနည်းကို ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပခဲ့ပြီး ရွှေတံဆိပ် ခြောက်ခုကို မြန်မာနိုင်ငံအတွက် ဆွတ်ခူးရယူပေးနိုင်ခဲ့ပါကြောင်း။

အလားတူ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခုနှင့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် တစ်ခု ရယူပေးနိုင်ခဲ့ပြီး ခြင်းလုံးအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်းနှင့် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယကက ရိုးရာခြင်းလုံး အားကစားနည်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသက်(၇၀)နှစ်နှင့်အထက် ရိုးရာခြင်းလုံးပညာရှင်များကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ရိုးရာခြင်းလုံးအဖွဲ့များ၏ ခြင်းလုံးအလှပြခတ်ကစားနေမှုများ၊ တစ်ကိုယ်တော်စွမ်းရည်ပြ(တစ်ပင်တိုင်) သရုပ်ပြကစားမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပလျက်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်တက္ကသိုလ်၌ ရှေးဦးပြုစုခြင်း(သာမန်အဆင့်)သင်တန်းဖွင့်ပွဲ ကျင်းပ



ထားဝယ် ဇူလိုင် ၂၅

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ရှေးဦးပြုစုခြင်း (သာမန်အဆင့်)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ရှေးဦးပြုစုခြင်းသည် ကြက်ခြေနီအသင်း၏ အဓိကကျသော လုပ်ငန်းဖြစ်ကြောင်း၊ ရှေးဦးပြုစုခြင်းသည် လူသားချင်းစာနာထောက်ထားသော လုပ်ဆောင်ချက်ဖြစ်ပြီး လူတစ်ဦးချင်းစီကိုသော်လည်းကောင်း၊ ရပ်ရွာလူထုကိုသော်လည်းကောင်း ထိခိုက်ဒဏ်ရာရရှိမှုမှ အကာအကွယ်ပေးနိုင်ပြီး ဒဏ်ရာရရှိသူများနှင့် နာမကျန်းဖြစ်သောသူများကို ချက်ချင်းပြုစုပေးခြင်းဖြစ်ကြောင်း၊ ရှေးဦးပြုစုခြင်း (သာမန်အဆင့်)ကို ဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ နိစ္စဓူဝတွေ့ကြုံလာနိုင်သော ထိခိုက်မှုအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် ယခုဖွင့်လှစ်မည့် ရှေးဦးပြုစုခြင်း (သာမန်သင်တန်း)သည် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ထားဝယ်တက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ရူပဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာညီညီက သင်တန်းဖွင့်လှစ်ရခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ရှေးဦးပြုစုခြင်း (သာမန်အဆင့်)သင်တန်းကို ဇူလိုင် ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆေးလိပ်ငွေ့ကင်းစင်ရေး လုပ်ငန်းဆောင်ရွက်မှုများ ဗဟိုအဆင့် သုံးသပ်ဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၂၅

ဆေးလိပ်ငွေ့ကင်းစင်ရေး လုပ်ငန်းဆောင်ရွက်မှုများ ဗဟိုအဆင့်သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက သုတေသနတွေ့ရှိချက်များအရ တစ်ဆင့်ခံ ဆေးလိပ်ငွေ့သည် လေထုကို ညစ်ညမ်းစေသည့်အပြင် ဆေးလိပ်ငွေ့တွင် ဓာတုပစ္စည်းပေါင်း ၄၀၀၀ ကျော်ပါဝင်ပြီး ကျန်းမာရေးဆိုးကျိုးပေးသည့် ပစ္စည်းများနှင့် ကင်ဆာဖြစ်စေသည့် ဓာတုပစ္စည်းအမျိုး ၄၀ ကျော်ပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ပြည်သူလူထုကို ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ပေးရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာ ဆေးရွက်ကြီး ထိန်းချုပ်ရေး ကွန်ဗင်းရှင်း (WHO Framework Convention on Tobacco Control)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ၂၀၀၆ ခုနှစ် မေလတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းပြီး ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီး၍ အများပြည်သူကျန်းမာရေးကို ထိခိုက်စေသည့်အန္တရာယ်မှ ကာကွယ်ပေးရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးလိပ်ငွေ့ကင်းစင်ရေးနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးအတွက် လိုအပ်သည့်အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးလိပ်ငွေ့ကင်းစင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် နီးနွယ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ နီးနွယ်ဝန်ကြီးဌာနများနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခနှင့် တာဝန်ရှိသူများ၊ ASEAN Smoke Free Award (ASA) Country Assessment Team စိစစ်ရေးအဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ ရှစ်သန်းကျော်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုကြောင့် ကင်ဆာရောဂါအမျိုးမျိုး၊ နှလုံးရောဂါ၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါ စသည့် နာတာရှည်ရောဂါများဖြစ်ပွားပြီး အရွယ်မတိုင်မီ သေဆုံးလျက်ရှိကြောင်း၊ အဆိုပါလူဦးရေ ရှစ်သန်းအနက် လူဦးရေ တစ်သန်းကျော်သည် တစ်ပါးသူ သောက်သုံးသည့် တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် သေဆုံးနေရခြင်းပြီး အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များ အများဆုံးပါဝင်နေကြောင်း သိရသည်။

**သတင်းစဉ်**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဇူလိုင် ၂၅

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဝိသမလောဘသားနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှု

------- ဇင်ငြိမ်း -------

> ‘ဝိသမလောဘသားတွေကတော့ နိုင်ငံရဲ့အကျပ်အတည်းနဲ့ ငွေကြေးအကျပ်အတည်းတွေကို အသုံးချပြီး ပြည်သူလူထုဆီကနေ အမြတ်ထုတ်ဖို့ ကြိုးပမ်းနေကြဆဲပါ။ အဲဒီလိုသာ ကုန်ဈေးနှုန်းတွေကို ဖြစ်သင့်တာထက်ပိုပြီး ဈေးနှုန်းတင်တာ၊ ဈေးကစားတာ၊ ထိန်းချုပ်တာနဲ့ အမြတ်ကြီးစားပြီး ကုန်ဈေးနှုန်းတွေ တက်ပြီးရင်းတက်နေရင် နိုင်ငံရဲ့ လက်ရှိအကျပ်အတည်းတွေကို ပိုပြီးနက်ရှိုင်းစေပါလိမ့်မယ်။ ဒါကြောင့် ကုန်ဈေးနှုန်းတက်ရတဲ့အခြားအကြောင်းရင်းတွေကို ကိုင်တွယ်ဖြေရှင်းရမှာဖြစ်သလို တစ်ဖက်မှာလည်း လတ်တလောအခြေအနေကို အမြတ်ထုတ်ဖို့ ကြိုးစားနေကြတဲ့ ဝိသမလောဘသားတွေကိုလည်း ဟန့်တားဖို့လိုပါတယ်။ ဒါမှကုန်ဈေးနှုန်းကို ထိန်းသိမ်းနိုင်မှာပါ’

## ကြီးမားသောအကျိုးဆက်

မိသားစုတိုင်း နေ့စဉ်မဖြစ်မနေကြုံရတာတစ်ခုကတော့ ကုန်ဈေးနှုန်းပါပဲ။ နံနက်မိုးလင်းကနေ မိုးချုပ်အထိ မိသားစုအတွက် တစ်နေ့တာကုန်ကျစရိတ်တွေဆိုတာက ကုန်ဈေးနှုန်းအတက်/အကျအပေါ် မူတည်နေပါတယ်။ ကုန်ဈေးနှုန်း အတက်/အကျအလိုက် မိသားစုရဲ့နေထိုင်မှုစရိတ်တွေ တိုးနေပါတယ်။ ကုန်ဈေးနှုန်းတွေက တစ်ရက်နဲ့ တစ်ရက် မတူပါဘူး။

ကုန်ဈေးနှုန်းတိုးလာတိုင်း မိသားစုထွက်ငွေတွေများလာလို့ အိမ်တစ်အိမ်ရဲ့ဝင်ငွေနဲ့ ထွက်ငွေကို မညီမမျှဖြစ်စေပါတယ်။ မိသားစုဝင်ငွေ တိုးမလာပေမယ့် ထွက်ငွေတွေကတော့ တိုးနေပါတယ်။ ကုန်ဈေးနှုန်းက ဝင်ငွေကောင်းတဲ့မိသားစုတွေအတွက်တော့ မထောင်းတာပါဘူး။ ဒါပေမဲ့ ဝင်ငွေနည်းမိသားစုတွေ၊ လခစားမိသားစုတွေနဲ့ လက်လုပ်လက်စား ရပ်တည်နေကြရတဲ့သူတွေအတွက်တော့ ကုန်ဈေးနှုန်းတိုးမြင့်မှုဟာ အဓိကအကျပ်အတည်းတစ်ခုပါပဲ။

မိသားစုဦးရေများတဲ့အိမ်ထောင်စုတွေမှာဆိုရင် စားစရိတ်၊ ကျန်းမာရေး၊ ပညာရေးစရိတ်တွေနဲ့ ရုန်းကန်နေကြရပါတယ်။ ဒ့ါအပြင် မိသားစုတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံစားကုန်နဲ့ လူသုံးကုန်ပစ္စည်းဈေးနှုန်းတွေ တရိပ်ရိပ်မြင့်တက်နေတာက လူထုကို တိုက်ရိုက်ထိခိုက်တဲ့အပြင် နိုင်ငံ့စီးပွားရေးကိုလည်း ထိခိုက်စေပါတယ်။ အဲဒီလိုကုန်ဈေးနှုန်းမြင့်တက်တာတွေကြောင့် နိုင်ငံရေးကအစ လူမှုရေးအဆုံး အခြားကဏ္ဍတွေအပေါ်ကိုလည်း ထိခိုက်စေတာကြောင့်မို့ အကျိုးဆက်တွေက ကြီးမားကျယ်ပြန့်လှပါတယ်။

ကုန်ဈေးနှုန်းမြင့်တက်မှုဟာ မြန်မာနိုင်ငံမှာသာမကပါဘူး၊ ကမ္ဘာ့နိုင်ငံတွေမှာလည်း မြင့်တက်နေတာတွေ့ရပါတယ်။ ကုန်ဈေးနှုန်းမြင့်တက်တဲ့ဒဏ်ကို ချမ်းသာတဲ့နိုင်ငံတွေမှာ မသိသာပေမယ့် ဝင်ငွေနည်းနိုင်ငံတွေမှာတော့ ထိခိုက်မှုတွေရှိနေပါတယ်။ စက်သုံးဆီဈေးတွေ မြင့်တက်နေတာကြောင့် အခြားကုန်ပစ္စည်းဈေးနှုန်းတွေလည်း လိုက်တက်နေပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ ဇိမ်ခံပစ္စည်းတွေကစလို့ မရှိမဖြစ်နေ့စဉ်စားသောက်ကုန်တွေအထိ ဈေးနှုန်းတွေ ဆက်တိုက်မြင့်တက်နေပါတယ်။ ဆန်၊ ဆီ၊ ဆားလိုမျိုး အခြေခံစားသောက်ကုန်တွေရဲ့ ဈေးနှုန်းတွေဟာ တရိပ်ရိပ်မြင့်တက်နေတာကြောင့် မိသားစုဝင်ငွေနဲ့ ထွက်ငွေ မမျှတတာ၊ မလုံလောက်တာအပြင် လက်လှမ်းမမီတာတွေနဲ့ တွေ့ကြုံနေကြပါတယ်။

## မြင့်မားနေသော ကုန်ဈေးနှုန်း

ဒီကနေ့ဆိုရင် ကုန်ဈေးနှုန်းတွေဟာ အချိန်နဲ့အမျှ တက်ရိပ်ပြလို့နေပါတယ်။ ကိုဗစ်-၁၉ ဖြစ်ပွားချိန်မှစလို့ ကုန်ဈေးနှုန်းတွေ တရိပ်ရိပ်တက်နေတာ ဒီကနေ့အထိပါပဲ။ ၂၀၂၀ နှောင်းပိုင်းကစလို့ ကုန်ဈေးနှုန်းမြင့်တက်လာမှုဟာ ငွေကြေးဖောင်းပွတာကို တဖြည်းဖြည်းမြင့်တက်လာစေခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်း နေထိုင်မှုစရိတ်တွေဟာ ယခင်ကထက်စာရင် ၂၀၂၁ ခုနှစ် နှစ်ဆန်းကစလို့ မြင့်တက်လာခဲ့ပါတယ်။ အစားအစာနဲ့ စွမ်းအင်ဈေးနှုန်းမြင့်တက်မှုဟာ ငွေကြေးဖောင်းပွမှုအတွက် အဓိကအကြောင်းရင်းတွေအဖြစ် တွေ့ရပါတယ်။ ဒ့ါအပြင် ကမ္ဘာ့စီးပွားရေးအပေါ် မျှော်မှန်းချက် အားနည်းနေချိန်၊ ငွေကြေးဖောင်းပွမှု မြင့်မားနေချိန်နဲ့ မသေချာမရေရာမှုတွေ များပြားနေချိန်မှာ ကမ္ဘာ့နိုင်ငံတွေမှာ ပြင်းထန်တဲ့အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေကြရတယ်လို့ ကုလသမဂ္ဂက ဆိုပါတယ်။

ကိုဗစ်-၁၉ ရဲ့ အကျိုးဆက်တွေအပါအဝင် ယူကရိန်းစစ်ပွဲ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနဲ့ မိုက်ခရိုစီးပွားရေးအခြေအနေတွေ မြန်မြန်ဆန်ဆန် ပြောင်းလဲလာတာစတဲ့ အခြေခံအကြောင်းရင်းတွေဟာ ကမ္ဘာ့စီးပွားရေးအခြေအနေကို ထိခိုက်စေလျက်ရှိပါတယ်။ ကိုဗစ်-၁၉ ဖြစ်ပွားလို့ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် စီးပွားရေးပြန်လည်နာလန်ထူနိုင်အောင် ရုန်းကန်နေရဆဲမှာ ရုရှား-ယူကရိန်းပဋိပက္ခဟာ ကမ္ဘာ့စီးပွားရေးကို ပိုမိုထိခိုက်စေခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ကုန်ဈေးနှုန်း ကြီးမြင့်တဲ့ဒဏ် ခံရမယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ခဲ့ကြပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပိုမိုထိခိုက်မယ်လို့ ခန့်မှန်းခဲ့ကြပါတယ်။ ကမ္ဘာ့ရေနံဈေးနှုန်း မြင့်တက်လာတဲ့အတွက် အခြားဆက်စပ်ကဏ္ဍတွေရဲ့ ကုန်ဈေးနှုန်းတွေမှာလည်း မြင့်တက်နေပါတယ်။ အဲဒီရဲ့အကျိုးဆက်တွေက ဖွံ့ဖြိုးဆဲနိုင်ငံတွေက ပြည်သူတွေ ရင်ဆိုင်နေကြရပါတယ်။

## ဝန်ထုပ်ဝန်ပိုးဖြစ်

ကုန်ဈေးနှုန်းမြင့်တက်မှုဟာ ကမ္ဘာအနှံ့ဆိုပေမယ့် တစ်နိုင်ငံနဲ့တစ်နိုင်ငံ အကျိုးသက်ရောက်တာချင်းတော့ မတူညီပါဘူး။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ခံနိုင်ရည်ရှိကြပေမယ့် ဆင်းရဲနွမ်းပါးတဲ့နိုင်ငံတွေမှာ ကုန်ဈေးနှုန်းကြီးမြင့်တဲ့ဒဏ် ခံနိုင်ရည်အားနည်းကြပါတယ်။ ဒါကြောင့် ဝင်ငွေနည်းနိုင်ငံတွေက ပြည်သူတွေဟာ ကုန်ဈေးနှုန်းကြီးမြင့်လာတဲ့အတွက် နေ့စဉ်နေထိုင်စားသောက်စရိတ်ဟာ ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်နေပါတယ်။ စက်သုံးဆီဈေးနှုန်းတွေ မြင့်တက်လာတာနဲ့အတူ သယ်ယူပို့ဆောင်ရေးစရိတ်တွေ မြင့်တက်လာပြီး အခြားကုန်ပစ္စည်းဈေးနှုန်းတွေလည်း မြင့်တက်လာပါတယ်။ အထူးသဖြင့် အခြေခံစားသောက်ကုန်ဈေးနှုန်းမြင့်တက်လာမှုဟာ အခြေခံလူတန်းစားတွေရဲ့ နေ့စဉ်ဘဝတွေမှာ အကျပ်အတည်းတွေနဲ့ ဖြတ်သန်းနေကြရပါတယ်။

မြန်မာနိုင်ငံမှာဆိုရင် အဓိကအခြေခံစားကုန်ဖြစ်တဲ့ဆန်ဈေးနှုန်းတွေ အရင်ကထက် ပိုမိုမြင့်တက်နေပါတယ်။ ဆန်စပါးဟာ ပြည်တွင်းထွက်ကုန်ဆိုပေမယ့် အခြားနိုင်ငံခြားသွင်းကုန်တွေလိုပဲ ဈေးနှုန်းမြင့်တက်ပါတယ်။ ဆန်စပါးဈေးနှုန်းမြင့်တက်ရတဲ့အကြောင်းရင်းတွေထဲမှာ သယ်ယူစရိတ်၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်၊ လုပ်သားစရိတ်စတဲ့ အထွေထွေစရိတ်မြင့်တက်တာတွေ ပါပါတယ်။ အဲဒီအကြောင်းရင်းတွေအပြင် ကုန်သည်ပွဲစားတွေရဲ့ဈေးကစားတာ၊ အမြတ်ကြီးစားတာတွေကလည်း ဆန်စပါးဈေးနှုန်းကို ဖြစ်သင့်တာထက်ပိုပြီး ဈေးနှုန်းမြင့်မားစေပါတယ်။ ဆန်စပါးလိုပဲ အခြားပြည်တွင်းထွက်ကုန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်တွေလည်း မြင့်တက်နေပါတယ်။

လူတန်းစားအားလုံးအတွက် မရှိမဖြစ်အခြေခံစားကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေဟာ ဖြစ်သင့်တဲ့ဈေးနှုန်းထက် မြင့်တက်နေတဲ့အတွက် အခြေခံလူတန်းစားတွေနဲ့ လက်လုပ်လက်စားပြည်သူတွေအတွက် တစ်နေ့တခြား ဆင်းရဲတွင်းပိုမိုနက်ရှိုင်းစေလျက်ရှိပါတယ်။

## အကျိုးသက်ရောက်မှု

ငွေကြေးဖောင်းပွမှုဟာ အချိန်ကာလတစ်ခုအတွင်းမှာ ကုန်ဈေးနှုန်းမြင့်တက်ခြင်းလို့ ဆိုပါတယ်။ နိုင်ငံတစ်နိုင်ငံအတွင်းမှာ ငွေကြေးဖောင်းပွမှုရဲ့ အကျိုးသက်ရောက်မှုဟာ သာမန်အားဖြင့် နေထိုင်မှုစရိတ်တွေ မြင့်တက်တာ၊ ဒါမှမဟုတ် အလုံးစုံကုန်ဈေးနှုန်းမြင့်တက်တာတွေအထိ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေပါတယ်။ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကြောင့် မတည်ငြိမ်မှုတွေ ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့်လည်း အမေရိကန်သမ္မတဟောင်းဖြစ်တဲ့ Gerald Ford က ငွေကြေးဖောင်းပွမှုဟာ ပြည်သူလူထုရဲ့ နံပါတ်တစ်ရန်သူဖြစ်တယ်လို့ ၁၉၇၄ ခုနှစ်က ပြောကြားခဲ့ဖူးပါတယ်။

အခုဆို မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းတွေ မြင့်တက်ပြီး နေထိုင်စားသောက်စရိတ်တွေ မြင့်တက်လာပေမယ့် လုပ်ခလစာနဲ့ ဝင်ငွေတွေ တိုးမလာတဲ့အတွက် ဝင်ငွေနဲ့ထွက်ငွေ မျှတမှုမရှိဘဲ ဖြစ်နေကြပါတယ်။ ပြည်သူလူထုရဲ့ အကျပ်အတည်း အကျိုးဆက်တွေဟာ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနဲ့ ပညာရေးတွေအထိ ထိခိုက်စေပါတယ်။ ကုန်ဈေးနှုန်းမြင့်မားတာ အချိန်ကြာလာတာနဲ့အမျှ ဘေးထွက်ဆိုးကျိုးတွေက ပိုမိုနက်ရှိုင်းလာပါလိမ့်မယ်။ ဒါကြောင့် ကုန်ဈေးနှုန်းမြင့်မားစေတဲ့အကြောင်းရင်းတွေကို ကိုင်တွယ်ဖြေရှင်းဖို့လိုပါတယ်။

## ဝိသမလောဘ

ကုန်ဈေးနှုန်းတက်ရတဲ့ အကြောင်းရင်းတွေ အများကြီးရှိပါတယ်။ အဲဒီထဲမှာ ဝိသမလောဘသားတွေရဲ့ အမြတ်ထုတ်မှုလည်း ပါပါတယ်။ မတော်လောဘနဲ့ ဝိသမလောဘဆိုတာကတော့ အမြဲလိုလိုတွေ့ရတတ်တဲ့ လူ့သဘာဝတွေထဲက တစ်ခုပါ။ ဝိသမလောဘဆိုတာကတော့ ဝိသမ လောဘ ဘိဇ္ဈတာ၊ ဝိသမလောဘဟာ သူတစ်ပါးထံကနေ မတရားသဖြင့် လိုသည်ထက်ပိုပြီး အလွန်အကျွံလောဘရမ္မက်ကြီးစွာ ရယူလိုချင်တဲ့လောဘလို့ ဆိုပါတယ်။ ဝိသမလောဘရဲ့ သဘောမှာ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်သဘောထားရှိတတ်ကြပါတယ်။ ဝိသမလောဘသမားတွေဟာ ကျင့်ဝတ်၊ ဂုဏ်သိက္ခာ၊ ကိုယ်ချင်းစာတရားနဲ့ ဥပဒေလေးစားလိုက်နာမှုဆိုတာတွေ မရှိကြပါဘူး။ ဝိသမလောဘနဲ့ပတ်သက်လို့ အင်္ဂုတ္တရနိကာယ်တိကနိပါတ်ပလောကသုတ်မှာ လူတွေရဲ့ မတရားအဓမ္မလောဘနဲ့ တပ်မက်မှုတွေကြောင့် မြို့၊ ရွာတွေပျက်စီးခြင်းရောက်ရပုံကို မြတ်စွာဘုရားက ဟောကြားထားပါတယ်။

ဝိသမလောဘများတဲ့သူတွေဟာ အခြားသူတွေကို ပျက်စီးစေရုံမကပါဘူး၊ မိမိကိုယ်မိမိလည်း ပျက်စီးစေပါတယ်။ ငယ်စဉ်က သင်ယူခဲ့ရတဲ့ ရွှဲကုန်သည်ဟာ အခြားသူထံကပစ္စည်းကို မတော်လောဘနဲ့ ရယူလိုတဲ့ဆန္ဒ ပြင်းထန်တာကြောင့် သူကိုယ်တိုင်ဒုက္ခရောက်ခဲ့ရပါတယ်။ လူရဲ့သဘာဝအရ လူတိုင်းဟာ လောဘနဲ့မကင်းနိုင်ကြပါဘူး။ လောဘနည်းတာနဲ့ များတာတော့ ကွာခြားပါတယ်။ ဒါပေမဲ့ ဝိသမလောဘသမားတွေကတော့ အခြားသူတွေထက် လောဘများလေ့ရှိကြပြီး သူတို့ရဲ့အတ္တတစ်ခုတည်းအတွက်ကိုပဲ ရှေ့တန်းတင်စဉ်းစားလုပ်ကိုင်လေ့ရှိပါတယ်။ ဒါကြောင့်လည်း ကိုဗစ် - ၁၉ ကြောင့် လူတွေအခက်အခဲ၊ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရချိန်မှာတောင် ဝိသမစီးပွားရေးသမားတွေဟာ ဒုက္ခရောက်နေတဲ့သူတွေဆီကနေ ရသမျှအမြတ်ထုတ်ခဲ့ကြပါတယ်။

## တားဆီးကာကွယ်

မြန်မာနိုင်ငံဟာ လတ်တလောမှာ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အကျပ်အတည်းတွေနဲ့ ရုန်းကန်နေရပါတယ်။ ဒီလိုအခြေအနေမှာ မတရားလောဘနဲ့ ငွေကြေးဈေးနှုန်း၊ ရွှေဈေးနှုန်း၊ စက်သုံးဆီဈေးနှုန်း၊ လူသုံးကုန်နဲ့ မရှိမဖြစ်အခြေခံစားသောက်ကုန်ဈေးနှုန်းတွေကို ဖြစ်သင့်တာထက် ကုန်ဈေးနှုန်းတွေမြှင့်ပြီး အမြတ်ထုတ်နေကြရင် အကျပ်အတည်းတွေကနေ ရုန်းကန်ဖို့ ပိုပြီးခက်ခဲနေပါလိမ့်ဦးမယ်။ အခုဆိုရင် ငွေကြေးဖောင်းပွမှုအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၂၇ ဒသမ ၅၁ ရာခိုင်နှုန်းရှိကြောင်း ဗဟိုစာရင်းအင်းအဖွဲ့ရဲ့ စာရင်းတွေအရ သိရပါတယ်။

ဒါပေမဲ့ ဝိသမလောဘသားတွေကတော့ နိုင်ငံရဲ့အကျပ်အတည်းနဲ့ ငွေကြေးအကျပ်အတည်းတွေကို အသုံးချပြီး ပြည်သူလူထုဆီကနေ အမြတ်ထုတ်ဖို့ ကြိုးပမ်းနေကြဆဲပါ။ အဲဒီလိုသာ ကုန်ဈေးနှုန်းတွေကို ဖြစ်သင့်တာထက်ပိုပြီး ဈေးနှုန်းတင်တာ၊ ဈေးကစားတာ၊ ထိန်းချုပ်တာနဲ့ အမြတ်ကြီးစားပြီး ကုန်ဈေးနှုန်းတွေ တက်ပြီးရင်းတက်နေရင် နိုင်ငံရဲ့လက်ရှိအကျပ်အတည်းတွေကို ပိုပြီးနက်ရှိုင်းစေပါလိမ့်မယ်။ ဒါကြောင့် ကုန်ဈေးနှုန်းတက်ရတဲ့အခြားအကြောင်းရင်းတွေကို ကိုင်တွယ်ဖြေရှင်းရမှာဖြစ်သလို တစ်ဖက်မှာလည်း လတ်တလောအခြေအနေကို အမြတ်ထုတ်ဖို့ ကြိုးစားနေကြတဲ့ ဝိသမလောဘသားတွေကိုလည်း ဟန့်တားဖို့လိုပါတယ်။ ဒါမှ ကုန်ဈေးနှုန်းကို ထိန်းသိမ်းနိုင်မှာပါ။ ကုန်ဈေးနှုန်းတွေဆိုတာက ပြည်သူတွေရဲ့ နေ့စဉ်လူမှုစီးပွားဘဝနဲ့ ဆက်စပ်နေတာမို့ ကုန်ဈေးနှုန်းကျဆင်းလာတာနဲ့အမျှ လူထုရဲ့နေ့စဉ်ဘဝတွေကို တိုက်ရိုက်အကျိုးရှိစေပါလိမ့်မယ်။ ။

■

# အရှေ့တောင်အာရှ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်မှုနှင့် ပညာရေးပြုပြင်ပြောင်းလဲရေးမူဝါဒဆိုင်ရာ ပညာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဇူလိုင် ၂၅**

အင်ဒိုနီးရှားနိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ သုတေသနနှင့် နည်းပညာဝန်ကြီး၏ ဖိတ်ကြားချက်အရ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျကာတာမြို့၌ ကျင်းပမည့် အရှေ့တောင်အာရှ ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်မှုနှင့် ပညာရေးပြုပြင်ပြောင်းလဲရေး မူဝါဒဆိုင်ရာ အာဆီယံ ပညာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**တက်ရောက်ကြမည်**

အဆိုပါ ဆွေးနွေးပွဲသို့ အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ (Together Against Corruption)" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

(က) အသက် ၁၄ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်၊ လူရွယ်များ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)၊

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်း သတ်မှတ်ချက်များနှင့်ကိုက်ညီရမည် -

- (၁) Format JPG ၊ A3 (297 x 420 mm) with correct aspect ratio၊
- (၂) Resolution 300 dpi ၊
- (၃) File Size 15 Mb ထက်မပိုစေရ၊
- (၄) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် ရှင်းလင်းချက်စာသား သီးခြားဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များ ဖြည့်စွက်လျှောက်ထားရန် ဖြစ်ပါသည်။

(ဂ) ပိုစတာနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံ ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၁၀-၉-၂၀၂၃ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့် ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် theinlwinfsa@gmail.com သို့ ဖြစ်စေ ပေးပို့နိုင်ပါသည်။အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာသိန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန) ၀၉-၅၁၁၀၆၇၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး (အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်) ၀၆၇-၈၀၃၃၃၆၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်း သတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -

- (၁) Format mpeg 4၊
- (၂) Resolution 1920 x 1080 p ထက်မပိုစေရ၊
- (၃) File Size 300 Mb ထက်မပိုစေရ၊
- (၄) Sound 16-bit, stereo၊
- (၅) Duration 120 Seconds ထက်မပိုစေရ၊
- (၆) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် စာတန်းထိုး ဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များကို ဖြည့်စွက်လျှောက်ထားရန်ဖြစ်ပါသည်။

(င) ဗီဒီယိုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ်ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၁၀-၉-၂၀၂၃ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် ms. khinmoeou@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏ Website တွင် အခမဲ့ download ရယူနိုင်ပြီး ဒေါ်ခင်မိုးဦး၊ ညွှန်ကြားရေးမှူး၊ (ပြန်ကြားရေးဝန်ကြီးဌာန) ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ (အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်) ၀၆၇-၈၀၃၃၃၄၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(စ) စာစီစာကုံးနှင့်စပ်လျဉ်း၍ ဝင်ရောက်ယှဉ်ပြိုင်လိုပါက အောက်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -

- (၁) ဘာသာစကား မြန်မာ၊
- (၂) ပုံစံ လက်ရေးမူဖြစ်ရမည်၊
- (၃) အရေအတွက် A4 ဆိုဒ် စာမျက်နှာ (၅) မျက်နှာမှ (၈) မျက်နှာအတွင်း၊
- (၄) ကန့်သတ်ချက် ကျောက်ပေးရေးသားခြင်းမပြုရ၊

(ဆ) စာစီစာကုံးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy (၁) စုံ၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၃) နေပြည်တော်သို့ ၁၀-၉-၂၀၂၃ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပညာရေးဝန်ကြီးဌာန၏ Website တွင် အခမဲ့ download ရယူနိုင်ပြီး ဦးကျော်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာရေးဝန်ကြီးဌာန) ၀၉-၂၅၀၁၃၁၆၈၈ နှင့် ဒေါ်အေးမြတ်မွန်၊ ညွှန်ကြားရေးမှူး၊ (အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်) ၀၆၇-၈၀၁၃၃၃၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဇ) ပြိုင်ပွဲဝင်ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးများတွင် အောက်ပါအချက်များ ပါရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ -

- (၁) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်ဆန့်ကျင်သော စာသားများ၊ ဓာတ်ပုံများ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားခြင်း၊
- (၂) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်း။

(ဈ) ပြိုင်ပွဲဝင်ပိုစတာ၊ ဗီဒီယိုများနှင့် စာစီစာကုံးများကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးတို့ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပေးအပ်ခြင်းများ ပြုလုပ်မည်မဟုတ်ပါ။

(ည) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးတို့အနက်မှ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးတို့ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် "အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား" တွင်ဆုချီးမြှင့်ပေးမည် ဖြစ်ပါသည်။

(ဋ) ပထမဆုရရှိသည့် ပိုစတာနှင့်ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံးပိုစတာနှင့် ဗီဒီယို (၁၀) ခုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု ဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



# မြိတ်မြို့နယ်တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကျင်းပ

**မြိတ် ဇူလိုင် ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး Project Cycle Management သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မြိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးသင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးဆောအယ်လောဆောကစီမံကိန်းတစ်ခုရေးဆွဲရာတွင်တွေ့ကြုံရမည့် အတွေ့အကြုံများနှင့် အခက်အခဲများအပေါ် ရင်ဆိုင်ဖြေရှင်းရမည့် နည်းလမ်းများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် အကူအညီများဖြစ်ပေါ်စေရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြိတ်ခရိုင်နှင့် မြို့နယ်များမှ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တာ ရက်တိုသင်တန်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံတော်ဩဝါဒါစရိယ ဖျာပုံမြို့ မဟာပုညာရာမထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝေပုလ္လ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ မဟာပုညာရာမထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝေပုလ္လ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မဟာထေရ်မြတ်ကြီးသည် သက်တော်(၇၃)နှစ် သိက္ခာတော်(၅၄)ဝါ အရ ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း(၈)ရက် ယနေ့ နံနက် ၅ နာရီ မိနစ် ၅၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာမြို့နှင့် သံတွဲမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်လေ့လာ



နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ယနေ့တွင် ချောင်းသာမြို့နှင့် သံတွဲမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော် လေ့လာကြသည်။

**ဖူးမြော်ကြည်ညို**

ထိုသို့ အနားယူအပန်းဖြေခရီးစဉ် သွားရောက်ခဲ့သည့်အဖွဲ့များမှ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် ကမ်းခြေလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်အားကစားများ ဆောင်ရွက်ခြင်း၊ အနားယူ အပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ချောင်းသာကမ်းခြေရှိ ဆုတောင်းပြည့် ဇမ္ဗူပတိရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ညနေပိုင်းတွင် ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် ရေကူး အပန်းဖြေခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ ရခိုင်ပြည်နယ် ပေလီကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် သံတွဲခရိုင် ပေလီမြို့ ပေါ်ရှိမဒေးတောင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် အနားယူ အပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြကာ ၎င်းတို့ တည်းခိုသည့်နေရာ၌ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြသည်။

အဆိုပါအဖွဲ့အား ဒေသခံပြည်သူများက ဒေသထွက်ပစ္စည်းများ လာရောက်ပေးအပ်ကြသည်။ ထို့နောက် ကမ်းခြေရှိသဲသောင်ပြင်တွင် ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ ရေကူးခြင်းနှင့် အနားယူ အပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်း ကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၉၀၂ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၀၀,၁၄၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၉၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၈၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

## နိုင်ငံတော်ဩဝါဒါစရိယ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ မဟာပုညာရာမထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝေပုလ္လ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာ ခမည်းတော် ဦးဘသင်-မယ်တော် ဒေါ်ကျင်မြိုင်တို့မှ ၁၃၁၂-ခုနှစ် တော်သလင်းလပြည့်ကျော် (၁၅) ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသောသားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၂၅-ခုနှစ် တန်ခူးလဆန်း (၁၃)ရက်နေ့တွင် သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာ ဘုရားကြီးတိုက်သစ်ကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၃၂-ခုနှစ်တွင် ပေါင်းတည်မြို့ ဘုရားကြီးတိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ပေါင်းတည်မြို့ ဦးကျော်မြင့်+ဒေါ်စိန်စိန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပေါင်းတည်မြို့ သဒ္ဓမ္မဇောတိကာရုံကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာ ဘုရားကြီးတိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ၊ အလုံမြို့နယ် အောင်မင်္ဂလာတိုက်သစ်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒာဘိဝံသ စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများသင်ယူခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ တွဲဖက်အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူ ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိ ဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့်ပြည့်စုံတော်မူခြင်း၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ဆရာတော်ကြီးအား ၂၀၁၅-ခုနှစ်တွင် နိုင်ငံတော်အစိုးရက **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၇၃)နှစ်၊ သိက္ခာတော် (၅၄) ဝါအရ ၁၃၈၅-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၈)ရက်၊ (၂၅-၇-၂၀၂၃)၊ အင်္ဂါနေ့၊ နံနက် (၀၅:၅၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၅**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**ကြည့်ရှုအားပေး**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သားများနှင့် မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အလယ်ပိုင်းရပ်ကွက်ရှိ နဂါးကျောင်းပရိယတ္တိစာသင်တိုက်ရှိ ကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့ပြင် အရာရှိရပ်ကွက်၊ စေတီတောင်ရပ်ကွက်နှင့် ကုလာဘာ တောင်ရပ်ကွက်များသို့ သွားရောက်ကာ ဌာနဆိုင်ရာဝန်ထမ်းများက လူနေအိမ်များ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းနှင့် ရပ်ကွက်နေပြည်သူများကို အသိပညာပေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မီးရထားဆိပ်ရပ်ကွက်ရှိ အများပြည်သူ အနားယူအပန်းဖြေနိုင်ရန်အတွက် မြို့ပန်းခြံပြုလုပ်မည့် မြေနေရာအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းများနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်ကြားရှိ ရေမြောင်းအား ရေစီး/ရေလာကောင်းမွန်ရေး တူးဖော်နေမှုတို့အား ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် အမှတ်(၅)ရပ်ကွက်ရှိ သာသနာ့အလင်းရောင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝါရိန္ဒအား ဖူးမြော်ကာ မြို့ပေါ်ကျောင်း ၂၈ ကျောင်းရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရန် လျှောက်ထားသြဝါဒခံယူကာ လှူဖွယ်ပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ဇူလိုင် ၂၄ ရက်မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာယီအစည်းအဝေးခန်းမ၌ ပြုလုပ်သော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ဌာနများအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ကျေးရွာများမှ တင်ပြချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❍ MNL မှ

ရတနာပုံအသင်းသည် ပြည့်ဖြိုးသူ (ဂိုး)၊ စွမ်းထက်၊ ဟိန်းနေဆန်း၊ ချစ်အေး၊ မိုးဆွေ၊ သက်ဟိန်းစိုး စသည့်ကစားသမားများကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး GFA အသင်းမှာမူ ဇော်လင်း၊ ရွှေဝင်းထွန်း၊ သက်လွင်ဝင်း၊ သန်းတိုးအောင်တို့ကို အသုံးပြုခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၉ မိနစ်တွင် စွမ်းထက်က ရတနာပုံအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် GFA အသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းအပြီးတွင် ရတနာပုံအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် ရတနာပုံအသင်း ဒုတိယဂိုး ထပ်ရခဲ့ပြီး ၅၁ မိနစ်တွင် နောင်နောင်စိုးက သွင်းယူခဲ့သည်။ နှစ်ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းက ပွဲကိုထိန်းကစားသွားပြီး GFA အသင်းမှာလည်း နှစ်သိမ့်ဂိုးပင်ရအောင် မသွင်းယူနိုင်ခဲ့ပေ။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံအသင်းမှ နောင်နောင်စိုးက ရရှိသည်။

ပွဲစဉ် (၁၃) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၃၅ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၃၁ မှတ်၊ အား/ကာသိပွဲနှင့် မဟာယူနိုက်တက်အသင်းတို့က ရမှတ် ၂၀ စီ၊ ဟံသာဝတီအသင်းက ၁၉ မှတ်၊ ရတနာပုံအသင်းက ၁၇ မှတ်၊ ရခိုင်ယူနိုက်တက်နှင့် မြဝတီအသင်းတို့က ၁၆ မှတ်စီ၊ ဒဂုံစတားအသင်းနှင့် ဧရာဝတီအသင်းတို့က ၁၄ မှတ်စီ၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ GFA အသင်းက ခုနစ်မှတ်ရရှိထားသည်။

သတင်း-ကိုညီလေး ဓာတ်ပုံ-MNL

---

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၅**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၊ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ် မြောက်ပိုင်းကမ်းလွန် - သြရိသပြည်နယ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်း ရပ်ဝန်းသည် ပိုမို အားကောင်းလာနိုင်ပြီးနောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကာ အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်း-သြရိသပြည်နယ်တောင်ပိုင်း ကမ်းခြေတို့ကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

---

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၅၀ | ၂၂၇၅ | ၂၂၆၀ | ၂၂၃၅ | ၂၃၃၅ | ၂၃၅၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၅ | ၂၂၉၀ | ၂၂၉၀ | ၂၅၂၀ | ၃၀၀၀ |
| 95 Ron | ၂၃၁၅ | ၂၃၆၅ | ၂၃၆၅ | ၂၃၂၅ | ၂၃၆၅ | ၂၃၈၅ | ၂၃၇၀ | ၂၃၅၀ | ၂၄၅၀ | ၂၄၆၅ | ၂၃၅၅ | ၂၃၇၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၅ | ၂၆၃၅ | ၃၁၀၀ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၄၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၁၀ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၃၅ | ၂၄၅၅ | ၂၄၅၀ | ၂၃၄၀ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၀ | ၂၆၂၀ | ၃၁၆၀ |
| HSD (10 ppm) | ၂၃၀၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၁၀ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၃၅ | ၂၄၅၅ | ၂၄၅၀ | ၂၃၄၀ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၀ | ၂၆၂၀ | ၃၁၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၉၃ | ၂၁၆၉ |
| 95 Ron | ၂၂၀၄ | ၂၂၈၁ |
| HSD (500 ppm) | ၂၁၁၇ | ၂၁၈၉ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၄ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

---

## သုံးခွမြို့နယ်၌ သဘာဝရေပြင်ရိုးချောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**သုံးခွ ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သုံးခွ-ရန်ကုန်သွားကားလမ်းမကြီးဘေး ရဲနွယ်ကျေးရွာတာထိပ် သဘာဝရေပြင်ရိုးချောင်းအတွင်း ယနေ့နံနက် ၇ နာရီခွဲက ငါးသားပေါက်အကောင်ရေ ၁၀ သိန်းအား ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး လင်းမောင်သက်နှင့် အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးမျိုးတင့်နှင့် ဝန်ထမ်းများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လှော်ကားစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ လေးထောင့်ကန်စခန်းတာဝန်ခံနှင့် ဝန်ထမ်းများက သဘာဝရေပြင်ရိုးချောင်းအတွင်းသို့ ငါးသားပေါက်များ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**



# မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင်လ လျာထားချက်မှာ ပို့ကုန်ဒေါ်လာ တစ်သန်း၊ သွင်းကုန် ဒေါ်လာ သုည ဒသမ ၀၃၀ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၀၃၀ သန်းဖြစ်ပြီး ဇူလိုင် ၁ ရက်မှ ၂၃ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် သုည ဒသမ ၅၈၁ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၈၅ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုည ဒသမ ၆၆၆ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ကာ လျာထားချက်အပေါ် ၆၄ ဒသမ ၆၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

မောင်တော ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇူလိုင် ၁ ရက်မှ ၂၃ ရက်အထိ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနက် လယ်ယာထွက်ကုန်ပစ္စည်းမှာ ချင်း(အစို) တန် ၁၇၇၀၊ တညင်းသီး ၈၅ ဒသမ ၃ တန်၊ ဆီးသီးခြောက် ငါးတန်၊ ၀ဠ တန် ၂၀၊ ကွမ်းသီး တစ်တန်၊ ထန်းလျက် နှစ်တန်၊ ရေထွက်ပစ္စည်းမှာ ငါးမြစ်ချင်း ၁၁၇ ဒသမ ၁၈ တန်၊ ငါးသလောက် သုည ဒသမ ၇၈ တန်၊ ပုစွန်ခြောက် သုည ဒသမ ၂ တန်၊ ငါးစုံလေးခြောက် ၅၇ တန်၊ ငါးခေါင်းပွ ၂ ဒသမ ၀၆ တန်၊ ငါးကုန်းညှိခြောက် ခြောက်တန်၊ စက်မှုကုန်ချောပစ္စည်းများမှာ သနပ်ခါးခဲ ၁ ဒသမ ၅ တန်၊ ဆီးယိုထုပ် ငါးတန်၊ လူကြီးစီးဖိနပ် အရန် ၁၇၀၀ နှင့် မုန့်ဖတ်ခြောက် သုည ဒသမ ၈ တန် တင်ပို့ခဲ့သည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် PVC Pipe ၄၁ ဒသမ ၆၅ တန်၊ PVC Tank ၈၄၅ ခု၊ အမျိုးသားဝတ်တီရှပ် အထည် ၅၀၀ နှင့် ဖိနပ် (Foam Slipper) အရန် ၁၀၀၀ တင်သွင်းခဲ့သည်။



# ကန့်ဘလူ၊ ကျွန်းလှမြို့နယ်ရှိ ဒေသများတွင် ခရမ်းသီးများ စိုက်ပျိုး၍ မိသားစုဝင်ငွေရရှိနေ

**ကျွန်းလှ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တပ်ကုန်းကျေးရွာတွင် တစ်ပိုင်တစ်နိုင်အနေဖြင့်လည်းကောင်း၊ မိသားစုစားဝတ်နေရေး အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း ခရမ်းသီးကို စိုက်ပျိုးကြကြောင်း၊ ခရမ်းသီးကို စိုက်ပျိုးရာတွင် ရာသီမရွေးစိုက်ပျိုးကြပြီး စိုက်ပျိုးချိန် နှစ်လကျော်လျှင် အသီးများကို စတင်ခူးဆွတ်ရကြောင်း သိရသည်။ ခရမ်းကို တစ်ကျင်းလျှင် တစ်ပင်ခန့်စိုက်ပျိုးရပြီး အပင်ရေ ၆၀၀ ခန့် စိုက်ပျိုးထားကာ ခရမ်းပင်စိုက်ပျိုးရန်အတွက် မျိုးစေ့ဖိုး၊ မြေပြုပြင်ခ၊ ဓာတ်မြေသြဇာနှင့် ရေသွင်းခြင်းအပါအဝင် စုစုပေါင်း ကုန်ကျစရိတ်မှာ ငွေကျပ် ၆၀၀၀၀ ခန့် ကုန်ကျပြီး တစ်ခါခူးဆွတ်လျှင် ၁၂ ပိဿာမှ ၁၅ ပိဿာအထိ ပုံမှန်ခူးဆွတ်ရပြီး ၂ ရက်၊ ၃ ရက်ခြားလျှင် တစ်ကြိမ်ခူးဆွတ်ရကြောင်း သိရသည်။

ခရမ်းသီးပင်သည် စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်ပြီး နေ့စဉ်ခူးဆွတ်ရောင်းချရသော သီးနှံပင်ဖြစ်၍ စီးပွားရေးအရစိုက်ပျိုးသင့်သော သီးနှံပင်ဖြစ်ကြောင်းနှင့် မေလတွင် ခရမ်းသီးတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀/၂၀၀၀ ဈေးနှုန်းတို့ဖြင့်ရောင်းချပြီး ဇွန်နှင့် ဇူလိုင်လတို့တွင် ခရမ်းသီးတစ်ပိဿာ ငွေကျပ် ၈၀၀/၁၀၀၀/၁၂၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်၍ မိသားစုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

# ပြည်ကြက်သွန်နီ ဝင်ရောက်မှု အခြေအနေ



**အောင်လံ ဇူလိုင် ၂၅**

၂၀၂၃ ခုနှစ် ဇူလိုင်လလယ်တွင် ကြက်သွန်နီ ဝင်ရောက်မှုအနေဖြင့် ပြည်ဈေးကွက်သို့ မကွေးတိုင်းဒေသကြီး အောင်လံဘက်မှ ပိဿာချိန် ၇၀၀၊ ဆိပ်ဖြူဘက်မှ ပိဿာချိန် ၂၅၀၀၊ ကျောက်ပန်းတောင်းဘက်မှ ပိဿာချိန် ၁၅၀၀ ခန့်ရှိသဖြင့် ပိဿာချိန်ပေါင်း ၄၇၀၀ ခန့် အဝင်ရှိကြောင်း သိရသည်။

အရောင်းအဝယ်အနေဖြင့် ဒေသတွင်းဝယ်လက်များ အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီ၊ ရခိုင်၊ ပန်းတောင်း(ဥသျှစ်ပင်)၊ သာယာဝတီခရိုင်တို့သို့ နယ်ကျော်၊ တိုင်းကျော် စီးဆင်းမှုများအဖြစ် ပုံမှန်ရောင်းဝယ်နေကြောင်း သိရသည်။ ဈေးနှုန်းများမှာ ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် (ကြီး/လတ်/ သေး) ငွေကျပ် ၂၃၀၀/၂၂၀၀-၂၁၀၀/၂၀၀၀-၁၉၀၀ ဈေးနှုန်းရှိပြီး လက်လီဈေးအနေဖြင့် ကြက်သွန်နီ အသေးများတွင် ငွေကျပ် ၂၅၀၀/၂၄၀၀-၂၃၀၀/၂၂၀၀ တို့ဖြင့် ရောင်းဝယ်မှုရှိနေကြောင်း သိရသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း


## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |



# စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

**မုံရွာ ဇူလိုင် ၂၅**

စစ်ကိုင်း တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝင်း အတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

**စိတ်ဝင်စားစရာခရီးစဉ်ဒေသအများအပြားရှိပြီး**

ဦးစွာ တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီးသည် ပြည်နယ်နှင့်တိုင်းဒေသကြီးထဲတွင် ဒုတိယအကျယ်အဝန်းဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး သွားလာလည်ပတ်စရာ ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှအပများ၊ ရှေးဟောင်းအမွေအနှစ် အနုလက်ရာများနှင့် စိတ်ဝင်စားစရာ ခရီးစဉ်ဒေသ အများအပြားရှိပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ



သည်နှင့်အမျှ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းပေါများလာခြင်းနှင့် ခရီးသွားလုပ်ငန်းသည် ကဏ္ဍများစွာနှင့် ပတ်သက် ဆက်နွယ်မှုရှိသည့်အတွက် စားသောက်ဆိုင်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အမှတ်တရပစ္စည်း MSMEs လုပ်ငန်းများအားလုံးကို တိုက်ရိုက်အကျိုးအမြတ်ရှိစေမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ၏ အစီအစဉ်ဖြင့် ရိုက်ကူးထားသည့် "ဇေယျာရွှေမြေသို့ ခရီးသွားခြင်း " Video Click အား ကြည့်ရှုအားပေးကြပြီး သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

အဆိုပါ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း နှစ်မျိုးအား ရက်သတ္တနှစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ပြီး မုံရွာမြို့ပေါ်ရှိ ဟိုတယ်/တည်းခိုရိပ်သာ ၁၁ ခုမှ သင်တန်းသား သင်တန်းသူ ၅၂ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# NGO／INGO များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ အတွင်းရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော NGO/ INGO များ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် လွယ်ကူချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်တွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပခဲ့သည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့ အတွင်းရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းရွှေက အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ အသိပညာဖြန့်ဝေခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က ပရဟိတအသင်းအဖွဲ့များအပေါ် စည်းမျဉ်းကြီးကြပ်ခြင်းနှင့် စပ်လျဉ်း၍




ရှင်းလင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်း ၁၁ ခုမှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အရာထမ်း ၁၈ ဦး၊ ပြည်တွင်းအသင်းအဖွဲ့ ၃၂ ဖွဲ့နှင့် အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့ ၅၁ ဖွဲ့တို့မှ တာဝန်ရှိသူများ စုစုပေါင်း ၁၁၂ ဦး တက်ရောက်ခဲ့သည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက အသင်းအဖွဲ့များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုသိမ်မြို့၌ ဝေန်မြစ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ပြုလုပ်

**ပုသိမ် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ငဝန်မြစ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဦးခင်မောင်ကျောက်ကွင်း ကူးတို့ဆိပ်၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းကိုကိုနှင့် ခရိုင်ငါးမျိုးစိုက် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် မြို့နယ်ငါးမျိုးစိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝင်းဝင်းသန်း၊ ပုသိမ်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးမျိုးနိုင်ဦး၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများက ငဝန်မြစ်အတွင်းသို့ နှစ်လက်မအောက် ငါးမြစ်ချင်း နှစ်သိန်း၊ ငါးခုံးမကြီး ငါးသောင်း၊ ရွှေဝါငါးကြင်း ငါးသောင်း စုစုပေါင်းကောင်ရေ သုံးသိန်းအား ငဝန်မြစ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၇-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဝဋ္ဋသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** ကမ္ဘာတည်မည့်သာသနာ့မော်ကွန်း (အပိုင်း-၁)
**၀၈:၃၅** တောင်ပေါ်ဒေသနောင်ချိုအလှ
**၀၉:၁၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၂၃)
**၁၃:၀၀** သီချင်းကြိုးပဒေသာ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ကံကြမ္မာမုန်တိုင်း'** (အပိုင်း-၃၃)
**၁၅:၃၀** Weekly Soccer Preview
**၁၆:၃၅** ရှေ့သို့ချီမည်ပန်းတိုင်ဆီ
**၁၇:၂၀** လာလည်စေချင်အရှေ့ပိုင်းတစ်ခွင် (ဘေကျင်းမြို့-Beijing)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) **'နောက်တချင်ဦးဟ'**
**၁၉:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၂၄)
**၁၉:၃၀** ကမ္ဘာတည်မည့်သာသနာ့မော်ကွန်း (အပိုင်း-၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** နိပါတ်တော်လာဇာတ်သဘင်မဟာ **'ပဟော်သတနှင့်အပရာဒေဝီ'**
**၂၁:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ကံကြမ္မာမုန်တိုင်း'** (အပိုင်း-၃၅)

**mitv**

**07:01** Evergreen Classic: Awayyar Horntu (Sein Lei Lei)
**07:08** Archery Session (from Ramayana Play)
**07:31** Discovering Tribes: Pre Kayaw (Their Life and Customs) (Part-2)
**08:01** News
**08:26** Daingnak Style
**08:40** Let's go to Hlawga Nature Park
**09:01** The Art of Making Glaze Ware
**09:20** The Mandolinist
**09:47** Myanmar Masterclass: Min Wae Aung
**10:01** News
**10:26** Topical Topics (No. 10) Combat the Human Traffickers & Full Basic Needs of the People

**MRTV NRC**

**ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၁)
**မွန် (၀၇:၀၀ မှ ၀၉:၀၀)** အရပ်ရှစ်မျက်နှာဦးချသူများ
**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)** ရေဥသုပ်
**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)** ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း
**ဝ (၁၃:၀၀ မှ ၁၅:၀၀)** မြင်းခွာရွက်နှင့်ကျန်းမာရေး
**ကချင် (၁၅:၀၀ မှ ၁၇:၀၀)** လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
**ကယား (၁၇:၀၀ မှ ၁၉:၀၀)** ကယားရိုးရာတူရိယာပြုလုပ်ခြင်း
**ပအိုဝ်း (၁၉:၀၀ မှ ၂၀:၀၀)** ထွန်းတောက်လာသောကြယ်တစ်ပွင့်
**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ကရင်စာပေစကားပြောကြရအောင် (အပိုင်း-၅)
**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)** ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲသလိန်းနှင့် တွေ့ဆုံမေးမြန်းခြင်း
**ချင်း (လိုင်ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)** ကြက်သားတုံးကြော်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၁၅** နေ့ချင်းပြန် အပန်းဖြေခရီးသွားနိုင်မည့် လေ့လာစရာ
**၁၀:၄၅** စူးစမ်းရာဖွေ ရှေးဟောင်းအမွေ
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၂:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၁:၄၅** မာရဝိဇယ ကမ္ဘာ့အကြီးမားဆုံးသော စကျင်ရုပ်ပွားတော်မြတ်ကြီး

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအမြာမြာဇာတ်လမ်းတို **'မမှန်သတင်းပေးခြင်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
**၁၀:၃၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)
**၁၈:၀၀** Economic Review (အပိုင်း-၁၂)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** စပါးသီးနှံဝတိုဌာန၏ သုတေသနခရီးစဉ်
**၀၇:၀၀** ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
**၀၇:၁၀** တောင်သူဘဝတိုးတက်ဖို့ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို အသုံးပြုကြစို့
**၀၈:၂၀** ခေတ်မီစီအရည်အသွေးကောင်းရောင်းပန်းလှ
**၀၉:၄၀** စပါးမျိုးစပ်မွေးမြူရေးလုပ်ငန်း
**၀၉:၅၀** တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့်ဘဝရှင်သန်ခြင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း/လူငယ်တို့အတွက် လမ်းပြကြယ်
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
**၁၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကတ်ဘောအက်ဒေး'**
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဩတ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

## ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ အလှူငွေများထည့်ဝင်လှူဒါန်းစာရင်းပေးထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၁။ | မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကောင်းမှု (ဘုရားကြီးရင်ပြင်၊ ရေပန်းရင်ပြင်နှင့်စကျင်ကျောက်ပြားတို့အတွက်လှူဒါန်းခြင်း) | ၅၄၀၀၀၀၀၀၀ |
| ၂။ | ဦးသန်းလင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်ကုမ္ပဏီများကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၇၅၀၀၀၀၀၀၀ |
| ၃။ | ဦးမြင့်လွင်၊ မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၅၀၀၀၀၀၀၀၀ |
| ၄။ | ဦးခင်ညွန့်နှင့်ဇနီး ဒေါ်ခင်ဝင်းရွှေတို့အားအမှူးထား၍ ရွှေမော်ဝန်းလူမှုယဉ်ကျေးကူညီရေးအဖွဲ့ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၃၀၀၀၀၀၀၀၀ |
| ၅။ | မိဘများဖြစ်ကြသော ဦးထွန်းအောင်၊ ဒေါ်ခင်ဖြူဝင်းအားအမှူးထား၍ ဦးဝင်းကျော်၊ ဦးမျိုးမြင့်အောင်မိသားစုကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၃၀၀၀၀၀၀၀၀ |
| ၆။ | ဦးထွန်းလင်း(MBG Co.,Ltd)ကမ္ဘောဇအုပ်စုကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၃၀၀၀၀၀၀၀၀ |
| ၇။ | ဦးချစ်ထွေး(၁. ၁. ၁. ကျောက်မျက်ကုမ္ပဏီ)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၂၉၇၀၀၀၀၀၀ |
| ၈။ | ဦးထွန်းဝေ(ကျောက်စိမ်းသစ်ရွက်ကုမ္ပဏီ)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၂၉၇၀၀၀၀၀၀ |
| ၉။ | ဦးလှထူး(ရတနာဆင်သီရိ/ရတနာအဓိပတိကုမ္ပဏီ)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၂၉၇၀၀၀၀၀၀ |
| ၁၀။ | ဦးဇော်မြင့်ထူး(နေမင်းကမ္ဘာနှင့်နဝရတ်၊ လှိုင်လင်)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၂၉၇၀၀၀၀၀၀ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၂၃၉၃၀၀၀၀၀ |
| ၁၂။ | ကကဝယ်၊ မိတ်ဖက်ကုမ္ပဏီများစုပေါင်းကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၂၂၂၂၀၀၀၀၀ |
| ၁၃။ | အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ(ဦးသိန်းဝင်း)နှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီနီ(ရွှေသံလွင်ကုမ္ပဏီလီမိတက်)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၂၀၀၀၀၀၀၀၀ |
| ၁၄။ | ဦးအိုင်ထွန်း၊ ဦးထွန်းလွင်(ရန်ကုန်မြို့၊ မြန်မာပြည်ဖွား ဗုဒ္ဓဘာသာဝင်တရုတ်မျိုးနွယ်စုအသင်းများမှ စုပေါင်းလှူဒါန်းခြင်း) (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၂၀၀၀၀၀၀၀၀ |
| ၁၅။ | ဦးသိန်းမြင့်(ငွေရည်ပုလဲအုပ်စုကုမ္ပဏီလီမိတက်)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၂၀၀၀၀၀၀၀၀ |
| ၁၆။ | အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့်မိသားစုကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၂၀၀၀၀၀၀၀၀ |
| ၁၇။ | ဦးအောင်အောင်၊ ဒေါ်နန်းရွှေဟန် (Aung KanBo Motorcycle Industrial Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၉၇၉၀၀၀၀၀ |
| ၁၈။ | ဦးခွန်နောင်မြင့်ဝေ၊ ဦးတင်လင်းပြည့်၊ ဦးတင်အောင်စိုး (Eco Green City Project (1 mile))ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၆၁၂၀၀၀၀၀ |
| ၁၉။ | ဦးပြည့်ဖြိုးတေဇ(ထူးဖောင်ဒေးရှင်း)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၅၀၀၀၀၀၀၀ |
| ၂၀။ | ဦးရှစ်ကြူ၊ ဦးညွန့်ဝင်း(စာရာမေတိကုမ္ပဏီလီမိတက်၊ ဓနုမင်းသန်းကုမ္ပဏီလီမိတက်)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၅၀၀၀၀၀၀၀ |
| ၂၁။ | မွန်ပြည်နယ်အစိုးရအဖွဲ့ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၄၄၃၆၆၇၀၀ |
| ၂၂။ | ဦးကျော်မင်းဦး(Sky Aviator Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၂၀၀၀၀၀၀၀ |
| ၂၃။ | ဦးချောင်းနှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေစင်မိသားစုကောင်းမှု (သာသနာ့ဗိမာန်တော်ကြီးနှင့် Bibble Paper ကျမ်း(၅)စုံလှူဒါန်းခြင်း) | ၁၁၀၀၀၀၀၀၀ |
| ၂၄။ | အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုင်းမျိုးဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းခင်မြင့်ရီမိသားစုကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၁၀၀၀၀၀၀၀ |
| ၂၅။ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၀၁၀၀၀၀၀၀ |
| ၂၆။ | Mr.Xu Zhenwei(China CAMC Engineering Co.,Ltd) ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၀၀၀၀၀၀၀၀ |
| ၂၇။ | Mr.Liu Wuyue(Kyal Thein Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၀၀၀၀၀၀၀၀ |
| ၂၈။ | ဦးငွေးနိုင်နှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ရီ (နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်)မိသားစုကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၀၀၀၀၀၀၀၀ |
| ၂၉။ | ဒေါ်ခင်ရီ(Green Circle Co.,Ltd)မိသားစုကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၀၀၀၀၀၀၀၀ |
| ၃၀။ | ဦးရန်ဟိုး(Popa National Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၀၀၀၀၀၀၀၀ |
| ၃၁။ | ဦးသက်ထွန်းနှင့်ဇနီး ဒေါ်ဝါဝါထိန် (Myanmar Mandalay Fu Xing Steel Co.,Ltd)မိသားစုကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၀၀၀၀၀၀၀၀ |
| ၃၂။ | ဦးစံလင်း(Super Seven Star Co.,Ltd)မိသားစုကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၀၀၀၀၀၀၀၀ |
| ၃၃။ | ဦးသူရိန်ဝင်းထက်နှင့်ဇနီး ဒေါ်ဘိုဘိုနုလှိုင် (Green Myanmar Dragon Co.,Ltd)မိသားစုကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၀၀၀၀၀၀၀၀ |
| ၃၄။ | ဒေါ်နန်းခင်ညွန့်၊ ဒေါ်စန္ဒာဝင်း (Fu Xing Brother Group of Companies)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၀၀၀၀၀၀၀၀ |
| ၃၅။ | ဦးဇော်မင်းဦး၊ ဦးအောင်ဝင်း (MyKo Co.,Ltd)ကောင်းမှု (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း) | ၁၀၀၀၀၀၀၀၀ |

**ဆက်လက်ဖော်ပြပါမည်။**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အမည်ပြောင်း

ဗဟန်းမြို့နယ်၊ EMPS ကိုယ်ပိုင်အထက်တန်းကျောင်း Year-4 တွင် ပညာသင်ကြားနေသော ဦးအောင်မျိုးမင်း၏သား မောင်သျှားသစ်နောင် အား မောင်ဘုန်းဟိန်းတေဇဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဘုန်းဟိန်းတေဇ**

## အမည်ပြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ အဖ ဦးမာမတ်ခိုင်ဆေး[၁၂/ဒဂတ(နိုင်)၁၂၂၅၀၀]၏သား၊ အထက(၄)မင်္ဂလာတောင်ညွန့် Grade-8 တွင် ပညာသင်ကြားနေသော မောင်ဆားဇိတ်အား မောင်ကျော်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကျော်နိုင်**

## အမည်ပြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ အဖ ဦးဇော်ရှိတ်အူလ္လာ[၁၂/မဂတ(နိုင်)၁၁၃၂၂၅]၏သား အထက(၄) မင်္ဂလာတောင်ညွန့် Grade-8 တွင် ပညာသင်ကြားနေသော မောင်မူဟာမတ် ဆော်အိစ်[၁၂/မဂတ(နိုင်)၁၂၄၇၃၆]အား မောင်ဇော်မင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဇော်မင်းထွန်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ်(၃၈)၊ A- ၃ လွှာ၊ ပထမထပ်(အရှေ့ဘက်ခြမ်း)၊ တိုက်ခန်းနှင့် အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ထားသည့် ကွယ်လွန်သူ ဒေါ်ခင်ဝင်း၏ တရားဝင် ဆက်ခံပိုင်ဆိုင်သူထံမှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသည်ဟုဝန်ခံသည့် ဒေါ်နိုင်နိုင်မော် [၁၂/ဒပန(နိုင်)၀၅၁၂၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်အုံးမြင့် [၁၂/သကတ(နိုင်)၀၁၈၂၅၂]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့ထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်မြင့်ဆွေ**
**LL.B.,M.A (Business Law)., D.B.L., D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၇၆)**
**အမှတ်(၁၄)၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၇၉၅၅၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၄-ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်-၂၆၄ ဟု ခေါ်တွင်သည့် ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၂၆၄၊ ဧရိယာ(၀.၀၈၂)ဧက၊ (၆၀ပေx ၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ချိုချို [၁၀/မလမ(နိုင်)၁၅၂၀၈၂] အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းမှ ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်း၊ အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၅၉၅၅၀၅ ၊ ၀၉-၄၀၁၅၄၆၂၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မဟာဗန္ဓုလလမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် (၇၃၅/က)၊ မြေအမျိုးအစား-ပါမစ်၊ ဧရိယာ (၂၀ပေx ၆၀ပေ) အကျယ်အဝန်းရှိမြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးစိန်မြင့်အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်(၂)လုံးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်အောင် [၁၂/စခန(နိုင်)၀၈၂၇၅၀] က အမွေဆိုင်၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၅၉၅၅၀၅၊ ၀၉-၄၀၁၅၄၆၂၄၀**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်ကြော်ငြာစာ အမှတ် ၁၂၅/၂၀၂၃ (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်) တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြစ်ကြသော -

| | | |
|---|---|---|
| ၁။ ဒေါက်တာညီလှငယ် | နာယက | သရေစည်သူဘွဲ့ |
| ၂။ ဒေါက်တာတိုးတိုးဝင်း | Structure ပညာရှင် | စည်သူဘွဲ့ |
| ၃။ ဦးအောင်မြင့် | အင်ဂျင်နီယာပညာရှင် | သီရိပျံချီဘွဲ့ |
| ၄။ ဦးချမ်းအေး | Structure ပညာရှင် | သိပ္ပကျော်စွာဘွဲ့ |
| ၅။ ဦးဇာလီချမ်း | Structure ပညာရှင် | သိပ္ပကျော်စွာဘွဲ့ |

တို့အား ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခံရသည့်အတွက်ကြောင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ကောင်စီဝင်များမှ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၁၈)၊ မြေကွက်အမှတ်(၂၂၂)အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိပါမစ်မြေကွက်သည် ဒေါ်ရီဘက်ခါဝင်း [၁၂/အစန(နိုင်)၁၂၀၂၅၀] (ISN-၅၃၉၁၉၄) အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေနှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၂၂)၊ ပုဂံ(၂)လမ်း၊ (၁၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သောကြောင့် မြေကွက်အရောင်းအဝယ်အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးဆောင်းညီညီ [၉/ညဥန(နိုင်)၀၀၄၀၇၅]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးမြတ်ထွေး [၁၀/မလမ(နိုင်)၁၈၄၉၀၉]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

## ပျောက်ဆုံးကြောင်း

ဦးခိုင်ထွန်း [၁၀/ဘလန(နိုင်)၀၈၀၇၈၄] ကိုင်ဆောင်သော SID CARD အမှတ် 75167 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-799762761**

## ပျောက်ဆုံးကြောင်း

ကိုအောင်ရဲဇော် [၁၂/မဘန(နိုင်)၁၂၅၉၂၇] ကိုင်ဆောင်သော CDC-88686 ၏ RESULT SHEET သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၉၂၉၁၂**

## အမည်မှန်

အဖ ဦးသိန်းဇော်မင်း၏ သား မြစ်ကြီးနားမြို့၊ ရာပြည့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 မှ မောင်အေးမင်းဇော်၏ အမည်မှန်မှာ မောင်အေးမင်းသိန်း [၁/မကန(နိုင်)၂၇၅၉၂]ဖြစ်ပါသည်။

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၆၊ မြေကွက်အမှတ်-၃၉၂/က၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၆ ရပ်ကွက်၊ ဆုပြည့်ရတနာ (၁) လမ်း၊ အမှတ် - ၃၉၂/က ဟုခေါ်တွင် သည့် ၂½ ထပ်တိုက်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန်းစန်းအေး [၁၂/တမန(နိုင်)၀၂၈၄၅၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉- ၂၅၀၀၆၀၃၁၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်း(အရှေ့)ရပ်ကွက်၊ အမှတ်(၂)မှူခင်းရဲတပ်ဖွဲ့ခွဲမှ လ-၂၀၃၈၄၀ ရဲတပ်ကြပ်ကြီး ခင်မောင်တင့် [၈/မလန(နိုင်)၀၅၉၈၀၁] ကိုင်ဆောင်သူ၏ ဖခင်အမည်မှာ ဦးစိုးတင့်(ခ) ဦးစံပွ [၈/မလန(နိုင်)၀၄၂၄၅၃] ကိုင်ဆောင်သူမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးတင့်(ခ)ဦးစံပွ**

## "ပြင်ဆင်ဖတ်ရှုပါရန်"

(၂၃-၇-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ (စာ-၂၉)၊ ဦးရန်နိုင်ဦး (အထက်တန်းရှေ့နေ) ၏ အများသိစေရန် ကြော်ငြာပါ "ဦးသိန်းအောင်" အစား "ဦးအောင်သိန်း" ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပုလဲဂေဟာလမ်း၊ အိမ်အမှတ်(၁၉)ဟုခေါ်တွင်သော (အလျား ၂၅'xအနံ၅၀')အကျယ်အဝန်းနှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းကြောင်း တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ဆုလှိုင် [၁၂/စခန(နိုင်)၀၆၃၆၆၉]နှင့် ဦးတက်ခေါင်[၁၂/ကမရ(နိုင်)၀၆၂၇၀၇]ကိုင်ဆောင်သူတို့မှ ရောင်းချလာသဖြင့် ၎င်းရောင်းချသည့် တန်ဖိုးနှင့်ပင် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဝင်းမြို့[၁၂/ကမရ(နိုင်)၀၃၀၉၁၅]နှင့် ဒေါ်စန်းစန်းဝင်း[၁၂/ကမရ(နိုင်)၀၃၇၄၁၆]တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ မြေနှင့်နေအိမ်အဆောက်အဦဝယ်ယူမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်(နှစ်ပတ်)အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အပြီးအပိုင်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြို့[၁၂/ကမရ(နိုင်)၀၃၀၉၁၅]နှင့် ဒေါ်စန်းစန်းဝင်း [၁၂/ကမရ(နိုင်)၀၃၇၄၁၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈)(၄-၁၂-၁၉၈၄)**
**တိုက်(၉/၁၁)၊ (၁၀၃)စီ(ပထပ်)၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။Ph:09-250022892,09-443021827**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ရွှေအင်ကြင်းအနောက်ရပ်) မြေကွက်အမှတ်(ဒ-၄၉၄၉)၊ အကျယ်အဝန်းပေ(အလျား ၆၀ ပေ x အနံ ၆၀ ပေ)ဧရိယာရှိ မြေပေးမိန့်အမည်ပေါက် ဒေါ်နန်းရွှေထား(ဘ) ဦးစိုင်းဆန်ငို့[၁၃/နခန(နိုင်)၀၀၅၅၄၉]ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူကာ လက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုရောင်းချသူ ဒေါ်ထက်နေခြည်အောင်[၁၂/အစန(နိုင်)၀၈၁၂၃၅]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ဝင်း[၆/ထဝန(နိုင်)၀၈၅၇၆၆]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဝေစိုး(LL.B ,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၅၆)**
**အမှတ် (၂၇၅)၊ ပိတောက်လမ်း၊ သပြေကုန်းရပ်ကွက်၊**
**ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း- ၀၉-၉၆၆၅၈၅၀၅၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှူထမ်းရပ်ကွက်၊ သစ္စာလမ်း၊ အကွက်အမှတ်(၂၉)၊ ညောင်သုံးပင်တောင်ကွက်၊ ဦးပိုင်အမှတ်(၆၈/ခ/၃၃)၊ မြေကွက်အမှတ်(၁)၊ ဧရိယာ(၀.၀၇၅)ဧကအကျယ်ရှိ ဦးခင်မောင်ထွေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမြင့်မောင်သန့်[၁၂/ဗဟန(နိုင်)၀၁၄၅၃၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မိုမိုလှိုင် [၁၂/ကတန(နိုင်)၀၆၄၁၅၈]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင် စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးသန္တာ (LL.B)** | **ဒေါ်ဖြူမြတ်သွယ်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၇၉၉/၂၀၁၄)** | **(စဉ်-၈၉၇၇/၂၀၁၃)** |
| **ဖုန်း-၀၉-၄၂၀၁၉၂၈၂၅** | **၀၉-၅၁၃၂၆၄၇** |

**(ရုံးခန်း)၊ သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ၃၀ ရပ်ကွက်၊ မြသီရိလမ်း၊ အမှတ်-(၁၄)၊ အခန်း(A-4)၊ ပဥ္စမထပ်၊ သုံးခန်းတွဲ(၆)ထပ်တိုက်(၆လွှာ) ခေါင်းရင်းခြမ်းတိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်သည်ဟုအဆိုပြုကာ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဒေါ်နန္ဒာကျော်ဝင်း[၁၂/အလန(နိုင်)၀၄၀၂၂၇] ကိုင်ဆောင်သူ တိုက်ခန်းပိုင်ရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေမြတ်နိုး[၁၂/ဒဂမ(နိုင်)၀၃၄၂၁၃]မှ ဝယ်ယူရန် သဘောတူညီခဲ့ကြပြီးနောက် ယင်းတိုက်ခန်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများကို ယူဆောင်၍ ယခုကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းဝယ်ခြင်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စုစုဖြိုး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၄)**
**အမှတ်-၈၄၅/ခ၊ ငွေစင်လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၂၅၂၄၇၀၈**

## Hnin Hnin Lwin Account ပိုင်ရှင်နှင့်အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်-၅/၇ တွင် နေထိုင်သူ **မခင်အင်ကြင်းကျော် [၁၂/ဗဟန(နိုင်)၀၉၈၉၈၁]**၏ လွှဲအပ်ညွှန်ကြားချက်အရ Facebook Account အမည် **Hnin Hnin Lwin** နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

